ပညာမြားငမောက် စာစဉ်



# ပဋ္ဌာန်

သုတေသီမြင့်ထွန်း

2001 GRAPHIC DESIGN : KYAW MINN MOUNG

ဒုတိယအကြိမ်

ပတ္တမြားဆောင်စာပေ

ဗဟုသုတသည်တန်ခိုး

# သုတေသီမြင့်ထွန်း ပြုစုသည့်

# မန္တာန်

## ဒုတိယအကြိမ်


အုပ်ရေ - ၁၀၀၀

၂၀၀၂ - ခုနှစ်

တန်ဖိုး - ၃၀၀ ကျပ်

စာမူခွင့်ပြုချက်အမှတ် - ၄၄၃/၂၀၀၁(၁၁)

မျက်နှာဖုံးခွင့်ပြုအမှတ် - ၁၃/၂၀၀၂ (၁)

မျက်နှာဖုံး/အတွင်းပုံနှိပ် - ဦးကျော်စိန် (၀၂၉၀၉)
ကျောက်စိမ်းအော့ဖ်ဆက်
အမှတ်-၁၇၁၊ ၃၃ လမ်း၊ ရန်ကုန်မြို့။

ထုတ်ဝေသူ - ဦးကျော်ဟင်း (၀၉၁၀)
ယုံကြည်ချက်စာပေ
အမှတ်(၁၁၁)၊ ၃၃-လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်း။

မျက်နှာဖုံးဒီဇိုင်း - ကျော်မင်းမောင်

ပြည်လုံးကျွတ်ဖြန့်ချိရေး

ပတ္တမြားမောက်စာပေ
အမှတ်-၁၆၈၊ ၃၃-လမ်း၊ ရန်ကုန်မြို့။
ဖုန်း - ၂၈၃၃၈၇

# မဟာ့ဘဲ

## သုတေသီမြင့်ထွန်း

ဒုတိယအကြိမ်

ပဋ္ဌာမြားဝေပါတ်စာပေ

# မန္တန်

ဤမည်သောမန္တန်ကို
ရွတ်ဆိုသရဇ္ဈာယ်ခြင်းအားဖြင့်
မုချအကျိုးများရာ၏။
ရာခိုင်နှုန်းပြည့် ပြင်းပြင်းပြပြ
ယုံကြည်မှုရှိရမည်မှာ အဓိက
အရေးကြီးသောအင်္ဂါရပ် ဖြစ်သည်။
ထိုအင်္ဂါရပ်နှင့် ပြီးပြည့်စုံမှသာလျှင်
မန္တန်၏ အာနိသင်တန်ခိုးသည်
အစွမ်းထက်မြက်မည်ဖြစ်၏။

သုတေသီမြင့်ထွန်း

# မာတိကာ

## အခန်း(၁)


| | | |
|---|---|---|
| ၁။ | မန္တန်အဖွင့်၊ ဂါထာ၊ မန္တန်–မန္တရား | ၁ |
| ၂။ | မန္တန်ရွတ်ဆိုခြင်းအကျိုး | ၄ |
| ၃။ | မန္တန်၏အာနိသင် | ၅ |
| ၄။ | အဓိပ္ပါယ်ကောက်ယူ၍မရသော မန္တန် | ၇ |
| ၅။ | အသံ၏အာနိသင် | ၈ |
| ၆။ | အသက်ရှုနည်း | ၉ |
| ၇။ | ထိုင်နည်း | ၁၂ |
| ၈။ | အဓိပ္ပါယ်နှင့်တကွ အာနိသင်ဖြစ်စေရန် မန္တန်ရွတ်ဆိုသရဇ္ဈာယ်မှု | ၁၃ |
| ၉။ | မန္တန်၏အနက်အဓိပ္ပါယ် | ၁၅ |
| ၁၀။ | ဠာန်ကရိဏ်း | ၁၆ |
| ၁၁။ | မန္တန်ရွတ်ဆိုရမည့်အချိန် | ၁၇ |
| ၁၂။ | ဓပ္ပယောဂနည်း | ၁၈ |
| ၁၃။ | ဝိဇ္ဇာဓိုရ်မျိုးငါးပါး | ၁၉ |
| ၁၄။ | မန္တဝိဇ္ဇာဟူသည် | ၂၀ |
| ၁၅။ | ဂါထာမန္တန်လိုက် | ၂၁ |


## အခန်း(၂)


| | | |
|---|---|---|
| ၁၆။ | အစွမ်းထက်မြက်သော ဂါထာမန္တန်များ | ၂၂ |
| ၁၇။ | ရွှေစင်တစ်သိန်းတန်မန္တန်တော် | ၂၂ |

| | | |
|---|---|---|
| ၁၈။ | အဋ္ဌာနမေတ္တာဂါထာတော် | ၂၅ |
| ၁၉။ | စိန္တာမဏိဂါထာတော် | ၂၆ |
| ၂၀။ | ကပ်ကျော် သမ္ဗုဒ္ဓေဂါထာတော်ကြီး | ၂၇ |
| ၂၁။ | မဟာသရဏဂုဏ်တော်ကြီး | ၂၈ |
| ၂၂။ | လာဘ်လာဘများရွှင်လန်းပေါများစေသော ရှင်သီဝလိဂါထာတော် | ၃၀ |
| ၂၃။ | ရေလမ်းခရီးဖြင့် အသက်မွေးဝမ်းကျောင်းသူများ အတွက် ရှင်ဥပဂုတ်ဂါထာတော် | ၃၃ |
| ၂၄။ | ဘယ်လိုပညာမျိုးကိုမဆို ကြားကာမြင်ကာမျှဖြင့် တတ်သိမှတ်မိနိုင်သောအောင်သိဒ္ဓိ မင်္ဂလာဂါထာတော် | ၃၄ |
| ၂၅။ | အမေးပုစ္ဆာအားလုံးကို ဖြေဆိုနိုင်ရန် အောင်သိဒ္ဓိမင်္ဂလာသစ္စာဂါထာတော် | ၃၇ |
| ၂၆။ | အလိုဆန္ဒပြည့်ဝစေသော အောင်သိဒ္ဓိမင်္ဂလာဂါထာ | ၄၀ |
| ၂၇။ | စစ်ထွက်ဂါထာ | ၄၄ |
| ၂၈။ | သွေးတိတ်မန်းဂါထာ | ၄၅ |
| ၂၉။ | သွေးတက်မန်းဂါထာ | ၄၅ |
| ၃၀။ | ကုန်စွံသောဂါထာ | ၄၆ |
| ၃၁။ | ဝိဇ္ဇာချစ်သောဂါထာ | ၄၆ |
| ၃၂။ | ဝိဇ္ဇာခရီကဂါထာ | ၄၇ |

၃၃။ လာဘသိဒ္ဓိဂါထာ ၄၈
၃၄။ ဒုန္ဒုဂါမဏိဂါထာတော် ၄၉
၃၅။ နမောငါးချက်စီးပွားတက်ဂါထာ ၅၀
၃၆။ အန္တရာယ်ကိုကာကွယ်နိုင်သော သိရသို့ဂါထာတော်ကြီး ၅၁
၃၇။ မီးကွင်း မီးကင်းမန္တန်တော်ကြီး ၅၂
၃၈။ ကပ်ကျော်အန္တရာယ်ကင်းမန္တန်ကြီး ၅၄
၃၉။ ဆင်းရဲဒုက္ခအတွင်းမှကယ်မသော မန္တန်တော် ၅၅
၄၀။ ရသေ့ဦးအောင်မန္တန် ၅၆
၄၁။ သံသိပ္ပရသေ့မန္တန် ၅၇
၄၂။ ယက္ကန်းစင်တောင်ဆရာတော်မန္တန် ၅၇
၄၃။ ရှင်မထီးဆရာတော်မန္တန် ၅၇
၄၄။ ပထမံဆရာအောင်မန္တန် ၅၈
၄၅။ ရသေ့ကြီးဦးခန္တီမန္တန် ၅၈
၄၆။ အောင်ဘိုးဝိဇ္ဇာမန္တန် ၅၈
၄၇။ အဘချစ်တီးမန္တန် ၅၉
၄၈။ ကေလာသ ဘရသေ့မန္တန် ၅၉
၄၉။ ပထမံဆရာကြီးဘိုးဘိုးအောင်မန္တန် ၆၀
၅၀။ ဘုန်းဘုရားကြီး ဦးပေါက်ဆိန် (ခေါ်) ဦးဝိဇ္ဇာဓရ မန္တန် ၆၀
၅၁။ ဗားမဲ့ဆရာတော်ဘုရားကြီးမန္တန် ၆၀

## မန္တန်


| | | |
|---|---|---|
| ၅၂။ | တောင်သုံးလုံးသာသနာပြုအဘိုးသံ မန္တန် | ၆၁ |
| ၅၃။ | ဘိုးတော်အောင်မင်းခေါင်မန္တန် | ၆၁ |
| ၅၄။ | ဘိုးတော်အောင်မင်းခေါင် အဟိန်းမန္တန် | ၆၁ |
| ၅၅။ | ဘိုးတော်အောင်မင်းခေါင်၏ပုတီးစိပ်မန္တန် | ၆၁ |
| ၅၆။ | သုရဿတီဒေဝီမန္တန် | ၆၂ |
| ၅၇။ | ဒွတ္တပေါင်မင်းကြီးမန္တန် | ၆၃ |
| ၅၈။ | အနော်ရထာမင်းကြီးမန္တန် | ၆၃ |
| ၅၉။ | ရှင်စောပုဘုရင်မကြီးမန္တန် | ၆၄ |
| ၆၀။ | ဦးအောင်ဇေယျမန္တန် | ၆၄ |
| ၆၁။ | ပုဏ္ဏကနတ်ဘီလူး အဟိန်းမန္တန် | ၆၄ |
| ၆၂။ | ပထဝီဇယမန္တန် ၁၄-ဂါထာ | ၆၅ |
| ၆၃။ | သရဏဂုံ (၃၀)၊ (၉၀)မန္တန်တော်ကြီး | ၆၇ |
| | **အခန်း(၃)** | |
| ၆၄။ | အိပ်မက်ထဲကရသောဂါထာ | ၇၆ |
| ၆၅။ | ကိုယ်တွေ့အစွမ်းထက်မြက်သော ဂါထာငါးပုဒ် | ၈၂ |
| ၆၆။ | အံ့ဖွယ်ရောဂါပျောက်သည့် ဂါထာတော် | ၉၀ |
| ၆၇။ | လိုတရဂါထာနှင့် ကိုယ်တွေ့ဖြစ်ရပ်ဆန်း | ၉၈ |
| ၆၈။ | အောင်စကြာဆရာတော်ပုတီးစိပ်နှင့် ကိုယ်တွေ့ဖြစ်ရပ်ဆန်း | ၁၀၇ |
| ၆၉။ | ကျမ်းကိုးစာရင်း | ၁၁၂ |


* * * * *

ပတ္တမြားငမောက်စာပေ

# သုတေသီမြင့်ထွန်း

## အမှာစာ

မြန်မာ့ဂမ္ဘီရသိပ္ပံ၊ ဝိဇ္ဇာရေလောကီပညာနယ်ပယ်တွင်

*နည်းမှန်လျှင်၊ ကံမရွေး။

*နည်းမှန်လျှင်၊ မုချဒိဋ္ဌအကျိုးပေး။

*နည်းမမှန်လျှင်၊ ဆယ်ကမ္ဘာဝေး။

ဟူသောစကားစဉ်များ ရှိ၏။

ဘဝပါရမီအကြောင်းဆက်ရှိ၍ ဂါထာ၊ မန္တန်၊ မန္တရားများကိုလေ့လာလိုက်စားပြီး ရွတ်ဆိုသရဇ္ဈာယ်နေကြသော်လည်း နည်းမမှန်စနစ်မမှန်သဖြင့် အလှမ်းဝေးနေသူများကို တွေ့မြင်ရပါ၏။

ထိုသူများကို ဂါထာ၊ မန္တန်၊ မန္တရား၏ အစွမ်းသတ္တိပေါက်ရောက်၍ အကျိုးအာနိသင်အပြည့်အဝရရှိရလေအောင် အကျွန်ုပ်အနှစ်နှစ်အလလက လေ့လာဆည်းပူးလာခဲ့သော ဂမ္ဘီရသိပ္ပံ၊ ဝိဇ္ဇာရေလောကီပညာထဲမှ ဂါထာမန္တန်နှင့်ပတ်သက်သော နည်းမှန်စနစ်မှန်များကို ထုတ်နှုတ်၍ ဤစာအုပ်တွင်ဖော်ပြထားခြင်း ဖြစ်ပါဘိ၏။

မန္တမဟိဒ္ဓိလမ်းကို လေ့လာကျင့်ကြံနေသူများ၊ စိတ်ကကြံရွယ်လေသမျှ နှုတ်ကပြောဆိုလေသမျှ ကိုယ်ကာယကလုပ်ဆောင်လေသမျှ ပြီးပြည့်စုံအောင်မြင်ကြပါစေသတည်း။

သုတေသီမြင့်ထွန်း

ပဋ္ဌာန်ဖြားငမောက်စာပေ

# အခန်း(၁)

## ၁။ မန္တန်အဖွင့်
### ဂါထာ–မန္တန်–မန္တရား

"လူ၏အလျောက်
မျက်မှောက်ဘေးရန်
ဖြစ်ခဲ့ပြန်သော်
မန္တန်စုပ်ဘိ၊
ပညာရှိနှင့်၊
နှိုင်းညှိတိုင်ပင်၊
ချစ်ခင်စရာ၊
သာယာစကား
ပဏ္ဏာဖြား၍
ပေးပြောတဲ့စိုး
ဆွေမျိုးဆက်နွယ်
ဤငါးသွယ်ဖြင့်၊
ကိုယ်ဝယ်ရောက်လာ၊
မှုရေးရာနှိုက်၊
ချမ်းသာရမြဲ၊

မလွဲမှန်လှ၊
သို့မရှူ၊
ကမ္ဘသကာ၊
ငါ့ကံသာဟု၊
ကြမ္မာကိစ္စ၊
ကံကိုချလော့"

ပဉ္စကနိပါတ် တစသာဇာတ်၌ အရေးကြုံတွေ့က လွတ်မြောက်စေရန် အကြောင်းငါးပါးဖြင့်အားထုတ်ရမည်ဟု မြတ်စွာဘုရားသခင်က ဟောတော်မူခဲ့သည်ကို မဃဒေဝလင်္ကာသစ် (၂၈၃)၌ ကျေးရှူးရှင်မာန်လည်ဆရာတော်ဘုရားကြီးက ရေးစပ်ပြဆိုထား၏။

## ဂါထာ

ဆန်းကျမ်းတွင်ပြဆိုထားသည့် စည်းကမ်းတို့နှင့်အညီ ရေးစပ်ထားသော ပါဠိအစီအကုံး၊ ပါဠိကဗျာ(တစ်နည်း) လိုအင်ဆန္ဒပြည့်ဝစေကြောင်း မှော်ပညာအရ သြောင်း၊ ဦးခံ၍ ရွတ်ဆိုရသည့်စကားအစု။

## မန္တန်

တစ်စုံတစ်ရာသော အကျိုးကျေးဇူးအလို့ငှာ မန်းမှုတ် ရွတ်ဆိုရသောစကားစု။ ဝေဒကျမ်းများတွင် ပါဝင်သည်။ အများအားဖြင့် အက္ခရာအသံထွက်ခံ၍ ရွတ်ဆိုလေ့ရှိ၏။

မန္တန်ဟူသည်လည်းကောင်း၊ မန္တရားဟူသည်လည်းကောင်း၊ MANTRA မန္တရမှ ဆင်းသက်လာကြသည်ချည်းဖြစ်၍ မခြားပြီ။ အတူတူချည်းသာဖြစ်၏။

အချို့က ဘယ်အသံကစသမျှ မန္တန်၊ ကစသမျှ မန္တရားဟူ၍ ခွဲခြားကြကုန်သေးသည်။ မည်သို့ပင် ခံ၍ရွတ်စေကာမူ "အောင်မြင်ပြီးစီးစေသတည်း" ဟူသော အနက်အဓိပ္ပါယ်ကိုချည်းဆောင်၏။

၎င်းအသံထွက်များသည် သက္ကရိုင်ဘာသာအလိုအားဖြင့် မည်သို့ရေးသည်၊ မည်သို့အသံထွက်သည်၊ အနက်မည်သို့ထွက်သည်ကို ကျက်မှတ်ရလွယ်အောင် စာစပ်ထားကြ၏။

## ၂။ မန္တန်ရွတ်ဆိုခြင်းအကျိုး

ဥတေနဇာတ်တော်၌ ဆင်များကိုသွားလာစေတတ်သော ဂါထာမန္တန်များရရှိခဲ့၏။

ပဒကုသလဇာတ်တော်၌ ခိုးသူ၏ခြေရာကို မြင်နိုင်သိနိုင်သောမန္တန်ရှိခဲ့ခြင်း။

မဟာသုတသောမဇာတ်၌ ပေါရိသာဒမင်းသည် လေအဟုန်ကဲ့သို့လျင်မြန်စွာသွားနိုင်သော ဂါထာများရှိခဲ့ခြင်း။

သဗ္ဗဒါဌိသနိပါတ်တော်၌ ပထဝီဇယမန္တန်ကိုရရှိသော မြေခွေးသည် လူမင်းအားစစ်ထိုးနိုင်ခြင်း။

စသည့် အထောက်အထားများ ထင်ရှားစွာရှိခဲ့သည်။ မဟာဝင် ရာဇဝင်တို့၌လည်း စာတင်ထားခဲ့ရသည့်သာဓကများ ရှိသေးသည်။ ထို့ကြောင့် မန္တန်ရွတ်ဆို သရဇ္ဈာယ်ခြင်းသည် တန်ခိုးကြီးလှသော ဂမ္ဘီရသိပ္ပ ဝိဇ္ဇာဓရလောကီပညာတစ်ရပ်ဆိုသည်မှာ ထင်ရှားသည်။ မန္တန်၏ အာနိသင်ဟိတ်တန်ခိုးများရယူပုံ၊ ရယူနည်းများကို ဆက်လက်တင်ပြပါဦးမည်ဖြစ်၏။

## ၃၊ မန္တန်၏အာနိသင်

မန္တန်၏ အာနိသင်ဆိုသည်မှာ.....

(၁) မန္တန်၏အသံကြောင့် ဖြစ်ပေါ်လာခြင်း။

(၂) မန္တန်၌ပါရှိသော အနက်အဓိပ္ပါယ်များကို အာရုံဝယ် နိမိတ်ထင်လာအောင် ကြီးမားပြင်းပြသည့် ယုံကြည်စိတ်ဖြင့် ဖန်တီးခြင်း။

ထိုအကြောင်းတရားနှစ်ခုကြောင့် မန္တန်၏ အာနိသင်သည် ဖြစ်ပေါ်လာ၏။

အာနိသင်ဆိုသည်မှာ မိမိအလိုရှိရာကိုဖြစ်ပေါ်လာစေနိုင်သော အကျိုးတရားများ သက်ရောက်ခြင်းဖြစ်၏။

မန္တန်၏ အာနိသင်သည် အသံ၏ အာနိသင်ပင်ဖြစ်သည်။ အသံအာနိသင်၏ တန်ခိုးသတ္တိအားဖြင့် ဒြပ်စင်ရုပ်မှုန့်တို့ကိုလည်းကောင်း၊ ရှိပြီးသားရုပ်ဝတ္ထု၊ လူ–တိရစ္ဆာန်၊ ရေမြေတောတောင်စသည်တို့ကိုလည်းကောင်း တိုးတက်စေခြင်း၊ ဆုတ်ယုတ်စေခြင်း၊ ပြောင်းလဲစေခြင်းစသည်အားဖြင့် မိမိအလိုရှိအပ်သလို ဖြစ်ပေါ်ဖန်တီးနိုင်စွမ်းရှိ၏။

အဘိညာဉ်၏အာနိသင်၊ သိဒ္ဓိဆယ်ပါး၏အာနိသင်၊ အင်း၏ အာနိသင်တို့သည် မန္တန်၏ အာနိသင်နှင့်ကွင်းဆက်သဘောရှိပါသည်။ မန္တန်သည် အသံကိုအဓိကအားဖြင့် အခြေခံသည်။ မန္တန်၏ အသံသည် ရှိပြီးသားရုပ်ဝတ္ထုတို့နှင့် ဒြပ်စင်ရုပ်မှုန့်တို့၏

ပေါင်းစီးမှု ၊ ပျက်ပြားမှုများကို မိမိအလိုရှိသလို ဖြစ်စေတတ်သော အာနိသင်ရှိ၏။

ထိုသို့လျှင် အသံ၏အာနိသင်ကို ပိုင်နိုင်စွာသိရှိသော ရှေးဆရာရသေ့သူမြတ်တို့က မိမိတို့အလိုရှိရာကိစ္စတို့ကို ပြီးမြောက်စေခြင်းအလို့ငှာ ဆိုင်ရာဆိုင်ရာအသံတို့ကို ရွေးချယ်စိစစ်ပြီးမှ အသုံးပြုကြရန် အတတ်ပညာကိုထားခဲ့ကြသည်။ ယင်းသို့ စီစဉ်ပေးထားသောအသံစဉ်အတိုင်း ရွတ်ဆိုခြင်းအာနိသင် ဖြစ်ထွန်းစေနိုင်သည့် "အသံစု"ကို မန္တန်ဟူ၍ခေါ်၏။

* * *

## ၄။ အခ်ိပ္ပါယ်ကောက်ယူ၍မရသော မန္တန်

မည်သည့်အနက်အဓိပ္ပါယ်များကိုမှ ကောက်ယူ၍မရဘဲ အသံသက်သက်ဖြင့် အာနိသင်ဖြစ်ထွန်းစေခဲ့သော မန္တန်များလည်း ရှိသေး၏။

ဥပမာ။ ။ နမ၊ နအ၊ နောကော၊ နက၊ ကအုံ၊ ဥမ၊ အမိ၊ သဟိ၊ သုတံ၊ အသု၊ နပု၊ နသု၊ နအ ဟူသော ဒဏ်ပြန်မန္တန်ကို ကြည့်ပါ။

အချို့ကလည်း ပါဠိတစ်ချက်၊ အနက်(၆၀)ဟူသောနည်းကို ပြဆိုသေးသည်။ အချို့သော ဂါထာမန္တန်တို့သည် အသံ၏ အာနိသင်ကိုသာ အဓိကထား၍ သီကုံးထားခဲ့ကြ၏။

ယင်းတို့ကို ကာရန်အားဖြင့်လည်းကောင်း၊ သဒ္ဒါနည်းဖြင့် လည်းကောင်း၊ အလင်္ကာနည်းဖြင့်လည်းကောင်း မမှန်ကန် မှား နေသည်ဟူ၍ ဂါထာမန္တန်ကို ပြင်ကြသူတွေရှိကြသေးသည်။ ပြင်လိုက်သောကြောင့် အသံမှရအပ်သော ဟိတ်–အာနိသင် ပျက်သွားစေတတ်သဖြင့် ရှေးမူ အရိုးကို အရွက်မဖုံးမိစေရန် ဉာဏ်ကြီးရှင်တို့ သတိထားရှိဖို့ လိုအပ်လှ၏။

ဥ အက္ခရာ၊ ဩအက္ခရာတို့သည် ဂါထာအစ၌ ထားမြဲ အက္ခရာများဖြစ်ကြသည်။ သင်္ကေရိုင်ရုံအဘိဓာန်ဋီကာ၏ အလို အားဖြင့် (ကာရံစောင့်ရှောက်ခြင်း)အနက်ကိုဟောသည်။ ရှေး ဆရာရသေ့သူမြတ်တို့က (ပြီးစီးအောင်မြင်ခြင်း)ဟူ၍ အနက် ဖွင့်၏။

## ၅။ အသံ၏အာနိသင်

အသံ၏ အာနိသင်ဖြစ်စေရန် မန္တန်စိပ်နည်းနိသျည်းများကို ရှေးဟောင်းတန္တရခေါ် ဝိဇ္ဇာပညာရပ်တွင် ပြဆိုထား၏။

မည်သို့ မြည်ထွက်သောအသံသည် လာဘ်ကိုဖြစ်စေတတ်သည်။ မည်သို့ မြည်ထွက်သောအသံသည် ပီယကိုဖြစ်စေတတ်သည်။ မည်သို့ မြည်ထွက်သောအသံသည် အကာအကွယ်ကိုဖြစ်စေတတ်သည်စသည်အားဖြင့် နှုတ်မှထွက်သောမူလဘူတအသံများဝယ် ပင်ကိုယ်အားဖြင့် သတ္တိထူးများ (မူလပင်ရင်းအာနိသင်များ) ကိန်းဝပ်လျက် တည်ရှိနေကြသည်။ ထိုသို့ ကိန်းဝပ်နေသောအာနိသင်များကို ထွက်ပေါ်လာအောင် စနစ်တကျရွတ်ဆိုခြင်းသည် မန္တန်ဖြစ်၏။

## ၆။ အသက်ရှုနည်း

ကျားရေ၊ သက္ကလပ်၊ ပိုး‌စ,စသည်တို့၏ အပေါ်၌ (ပဒုမာသန) ထိုင်နည်းဖြင့် မြောက်ဖက်သို့မျက်နှာမူပြီးထိုင်ပါ။ ဘယ်လက်ဖဝါး၏ အပေါ်၌ ညာလက်ဖဝါးကိုထပ်တင်ကာ ဘယ်ညာလက်နှစ်ခုကို ထိထား၊ ကပ်ထားစေပြီး မျက်စိများကိုမှိတ်ထားရပါမည်ဖြစ်၏။

လေထဲတွင် ပရာဏာ PRANA ဟုခေါ်သော အာယုဓာတ်တည်ရှိနေသည်ဟူ၍ ဟိန္ဒူယောဂီကြီးများက ရှေးအစဉ်အလာ

အားဖြင့် ယုံကြည်ခဲ့ကြကြောင်း၊ အိန္ဒိယယောဂီကျမ်းများ၌ ဖတ်ရှုရသည်။ အသက်ရှူနည်း၊ ရှိုက်နည်းများကို တိဘက်ကျမ်းများ၌လည်း တွေ့ရှိရသေး၏။

ရှေးဦးစွာ ယုံကြည်ရန်လိုသည်မှာ အာကာသ (လေ)ထဲတွင်ရှိသော ပရာဏာခေါ် (အာယုဓာတ်)ကို ဝမ်းဗိုက်ထဲသို့ လုံလောက်စွာရောက်ရှိအောင် ရှူရှိုက်တတ်မှ ရမည်ဖြစ်၏။

လေထဲတွင်ရှိနေလျှင် သူ့အလိုအလျောက် ရောက်မလာနိုင်ပေဘူးလားဟူ၍ မေးစရာရှိသည်။ ရောက်တန်သ၍ ရောက်သည်မှန်သည်။ လုံလောက်စွာရောက်အောင်ဆိုသည့်စကားနှင့် လျော်ညီသည့်အဆင့်ထိ မရနိုင်ပါ။ ရရာရကြောင်းနိသျှည်းမှာ စိတ်ကလည်းကောင်း၊ နှာခေါင်းကလည်းကောင်း၊ ဝမ်းဗိုက်ကလည်းကောင်း ကူညီပေးရ၏။

အာကာသထဲရှိလေထုထဲတွင် ပရာဏာ(အာယုဓာတ်) အပြည့်အဝတည်ရှိနသည်။ ထိုဓာတ်သည် ဖြူဖြူဖွေးဖွေးရှိ၍ အငွေ့ကဲ့သို့တည်ရှိနေသည်ဟု မြင်လာအောင်စိတ်ကူးပြီး ကြည့်ရမည်။ ထို့နောက် အသက်ရှူပုံ၊ ရှူနည်းကို လေ့ကျင့်ရမည် ဖြစ်၏။

အသက်ကို သုံးဆင့်ပိုင်းပြီး ရှူရမည်ဖြစ်၏။

ပထမအဆင့်ရှူပြီး တစ်ဆင့်ရပ်ထား(တစ်စက္ကန့်)။

ဒုတိယအဆင့်ထပ်ရှူပြီး ရပ်ထားပြန် (တစ်စက္ကန့်)။

တတိယအဆင့် ပြည့်တင်းအောင်တအားရှူပြီး ရပ်ထားပြန် (လေးစက္ကန့်)။

သည့်နောက်မှ လေကိုနှာခေါင်းမှထုတ်ဘဲ ပါးစပ်ဖြင့် ပြင်းပြင်းကြီး အကြွင်းမဲ့ မှုတ်ထုတ်ပစ်လိုက်ရမည်ဖြစ်၏။

မှုကွဲ တစ်နည်း.....

အထက်ဖော်ပြပါနည်းအတိုင်း ထိုသို့သုံးဆင့်ပိုင်းပြီး မရှူဘဲ လျက် တဆင့်တည်းနှင့်ပင်လျှင် အတတ်နိုင်ဆုံး တစ်ဝရှူရှိုက် ထားပြီးမှ ကြာမြင့်စွာကိန်းနေစေရန် အတတ်နိုင်ဆုံး အသက်ကို အောင့်ထား၍ မအောင့်နိုင်တော့သည့်အဆုံး တစ်ခါတည်းပါးစပ်မှ မှုတ်ထုတ်ပစ်လိုက်သောနည်းကိုလည်း အသုံးပြုကြ၏။

အသက်အောင့်ထားခြင်း၊ ရှူသွင်းခြင်းပြုလုပ်သည့်အခိုက်မှာ ရှိသမျှသောအာရုံကြောတို့ကို အလွန်အကြူး မဖျစ်ညှစ်မိအောင် အထူးသတိဆောင်ထားရမည်ဖြစ်၏။

ထိုသို့ အသက်ရှူနေစဉ် စိတ်ထားတတ်ဖို့ကလည်း လိုသေးသည်။ လေထဲတွင် ဖြူဖြူဖွေးဖွေးရှိသည့် ပရဏာဓာတ်ငွေ့သည် နှာခေါင်းမှဝမ်းဗိုက်ထဲသို့ ဖွေးဖွေးကြီးဝင်သွားသည်။ ထို့နောက် ခေတ္တနားနေသည်။ တစ်ဖန် ဆက်ပြီးဝင်သွားသည် စသည်အားဖြင့် ဝင်တိုင်းဝင်တိုင်း စိတ်ကူးလိုက်ရမည်ဖြစ်၏။

ဝမ်းဗိုက်ထဲ၌ လေပြည့်၍ လေးစက္ကန့်အောင့်ထားရပြီး ပြန်ထုတ်သောအခါမှာလည်း ပါးစပ်မှမှုတ်ထုတ်လိုက်သော

လေထုဒ္ဓ် အညစ်အကြေးများပါသွားကြလေသောကြောင့် မညီး နက်လျက်ရှိသည်ဟု မြင်အောင်စိတ်ကူးပြီးမှ ကြည့်ရမည်ဖြစ် သည်။ ရှုသွင်းခဲ့စဉ်ကကဲ့သို့ပင် မှုတ်ထုတ်လိုက်သောအခါမှာ လည်း မညီးနက်သောလေများ ထွက်သွားလိုက်၊ ရပ်လိုက် စသည်အားဖြင့်စိတ်ကူးပြီးမှ မှုတ်ထုတ်ရမည်။ နောက်ဆုံး မှုတ် ထုတ်ရာဒ္ဓ် အကုန်ပြောင်စင်အောင်မှုတ်ပြီး ညှစ်ထုတ်ပစ်ရမည် ဖြစ်၏။

ထိုသို့သော အသက်ရှုနည်းကို အလွန်အမင်း အပင်ပန်း ခံရန်မလိုအပ်ပါ။ တဆက်တည်းအားဖြင့် အကြိမ်ပေါင်းများစွာ မလိုအပ်ပါ။ ယခုမှ အစပြုမည့်သူများအတွက် သုံးဆင့်နည်းကို သုံးကြိမ်သာလျှင် ပြုလုပ်ပါ။ တစထက်တစ အလေ့အကျင့်များ ရလာသောအခါ လေးကြိမ်၊ ငါးကြိမ်အထိ ရှုသွင်းလျှင် တော် လောက်ပြီဖြစ်၏၊

ထို့နောက် မန္တန်ရွတ်ဆိုရမည်ဖြစ်၏။

## ရ။ ထိုင်နည်း

ညာခြေကအပေါ်၊ ဘယ်ခြေကအောက်ကထားပြီး ထိုင်ခြင်း (စက္ကာသန) ထိုင်နည်းဟုသတ်မှတ်၍ အေးချမ်းသာယာစေလိုသောကိစ္စများ၌ သုံးရ၏။

မန္တန်ကိုရွတ်ဆိုရာ၌ အသံမြည်ထွက်အောင် ရွတ်ဆိုရမည်။ မိမိ၏နှုတ်မှထွက်သောအသံလှိုင်းတို့သည် စကြာဝဠာအနန္တသို့ မြည်ဟိန်းပျံ့နှံ့သွားလေပြီတကားဟု အာရုံစိုက်ရမည်ဖြစ်၏။

တစ်ကြိမ် တစ်ကြိမ်လျှင် (၄)မိနစ်၊ တိုးလိုလျှင် နောက်ထပ် (၄)မိနစ်ထပ်တိုးနိုင်သည်။ အာကာသမိုးကောင်းကင်၌ (၁၂)ရာသီဟူ၍ ခြားနားထားသော (၁၂)စိပ်သောနယ်နိမိတ်များ၌ တစိတ်လျှင်(၄)မိနစ်ကျ၊ (၁၂)စိပ်ရာသီ၏စက်ဝိုင်းတစ်ပတ်ပတ်အောင် (၄၈)မိနစ်တိုင်တိုင် ရွတ်ဆိုသမှုပြုနိုင်သည်။ အကယ်၍ မတတ်နိုင်လျှင် အနည်းဆုံးရွတ်ဆိုသောတစ်ကြိမ်သည် (၄)မိနစ်အထိကြာရှည်စေရမည်ဖြစ်၏။

* * *

## ၈။ အစိပ်ပွါယ်နှင့်တကွ အာနိသင်ဖြစ်စေရန် မန္တန်ရွတ်ဆိုသရဇ္ဈာယ်

ဗုဒ္ဓသာသနာဝင်တို့သည် ပရိတ်ကြီး(၁၁)သုတ်ကိုလည်း မန္တန်အဖြစ် အသုံးပြုကြသည်။ ပရိတ်ကြီးခေါ် ပရိတ်မန္တန်များသည် ဘုရားဟောပါဠိတော်များမှ သင့်ရာသင့်ရာရွေးနှုတ်၍ အဆီထုတ်၍ ပရိတ်ကြီးအမည်တပ်ကာ ပြုစုစီရင်ထားသော ပိဋကတ်တော်လာ စာကြီးပေကြီးတို့ပင်ဖြစ်၏။

ဗုဒ္ဓမန္တန်မည်သော ဤပရိတ်ကြီးပါဠိတော်သည် သက်တော်ထင်ရှား ဘုရားရှင်လက်ထက်တော်အခါမှစ၍ မျက်မှောက်ခေတ်အထိ ဗုဒ္ဓသာသနာဝင်ရဟန်းရှင်လူပြည်သူပြည်သားအပေါင်းတို့ အမြဲမပြတ် ရွတ်ဖတ်သရဇ္ဈာယ်ကိုးကွယ်ကျင့်ကြံရသော တရားအဆီအနှစ်၊ ဓမ္မခန္ဓာဖြစ်သည့်အားလျော်စွာ ဤပရိတ်တရားတော်၏ တန်ခိုးရှိန်စော်အာနုဘော်တို့ကြောင့် မျက်မှောက်ဘဝ၌ပင် မကောင်းသောတစ္ဆေ၊ ပြိတ္တာ၊ မြေဘုတ်၊ ဘီလူးစသော ဘေးအမျိုးမျိုးတို့နှင့်တကွ ကြောက်မက်ဖွယ်ရာ ကင်းလွတ်ကြသူတို့မှာ ရေတွက်၍ပင်မကုန်အောင် များပြားလှ၏။

ဤမည်သော ပရိတ်မန္တန်တို့ကို ရွတ်ဆိုသောအခါ ရွတ်ဆိုသူသည်.....

(၁) မေတ္တာရှေ့သွားပြုရခြင်း။

(၂) အက္ခရာပုဒ်၊ ဗျည်း၊ အနက်တို့ကို စင်ကြယ်စွာရွတ်

ဖတ်ရန် နားလည်ထားရခြင်း။

(၃) ပရိတ္တပါဠိကို နှုတ်ရလေ့လာထားရခြင်း။

ဟူသော အင်္ဂါသုံးရပ်နှင့်ညီညွတ်ရသည်။ ထိုအင်္ဂါရပ်နှင့်ပြည့်စုံလျှင် အလွန်အကျိုး အထူးအားဖြင့် တန်ခိုးတက်ကြောင်း ရှေးဆရာကြီးတို့ မိန့်ဆိုခဲ့၏။

ပရိတ်ကို မန္တန်အဖြစ်ရွတ်ဖတ်ခြင်းသည် စကြာဝဠာကုဋေတစ်သိန်းတိုင်အောင် (ပရိတ်)တန်ခိုးအာဏာ ပျံ့နှံ့နိုင်သည်ဟူ၍လည်းကောင်း၊ ပါရမီဆယ်ပါးဖြစ်သည်သာမက ကိုယ်တွင်းကိုယ်ပသန္တန်၌ ကျရောက်တတ်သောအန္တရာယ်များကို မကျရောက်အောင် ကာကွယ်စောင့်ရှောက်စသည့် တရားဟူ၍လည်းကောင်း၊ ကောင်းကျိုးချမ်းသာများကို ပေးစွမ်းနိုင်မည်ဟူ၍လည်းကောင်း သက်ဝင်ယုံကြည်ထားကြ၏။ သို့အတွက် ရှေးဆရာအစဉ်အဆက်မှစ၍ ပရိတ်တော်ကို တန်ခိုးအာနိသင်ကြီးမားသောအရံအတားမန္တန်အဖြစ် အဆက်မပြတ်သုံးစွဲခဲ့ကြသည်။ ထိုသို့အရံအတားပြုလုပ်ကြရာမှာလည်း ပရိတ်ကိုရွတ်သောသူသာမကကြားနာသူပါရှိအပ်သော ကိုယ်စီကိုယ်ငှအင်္ဂါရပ်များနှင့် ပြည့်စုံမှသာလျှင် ရည်မှန်းချက်အတိုင်း အထမြောက်အောင်မြင်နိုင်၏။

* * *

## ၉။ မန္တန်၏အနက်အဓိပ္ပါယ်

ဤမည်သောမန္တန်ကို ရွတ်ဆိုသရဇ္ဈာယ်ခြင်းအားဖြင့် မုချ အကျိုးများရာ၏ဟူ၍ ရာခိုင်နှုန်းပြည့် ပြင်းပြင်းပြပြယုံကြည်မှု ရှိရမည်မှာ အဓိကအရေးကြီးသောအင်္ဂါရပ်ဖြစ်သည်။ ထိုအင်္ဂါရပ်နှင့်ပြီးပြည့်မှသာလျှင် မန္တန်၏အာနိသင်တန်ခိုးသည် အစွမ်းထက်မြက်မည်ဖြစ်၏။

မန္တန်၏အနက်အဓိပ္ပါယ်ကို မသိပါဘဲလျက်နှင့် ပြင်းပြင်း ပြပြယုံကြည်မှုမရှိနိုင်။ ထိုသို့မရှိပါလျှင် မန္တန်ရွတ်သူ၏အင်္ဂါ တစ်ပါး ချွတ်ယွင်းနေမည်သာဖြစ်သည်။ မန္တန်ကို နှုတ်ငုံအရ ကျက်မှတ်ထားပြီး အနက်အဓိပ္ပါယ်ကိုမသိဘဲနှင့် ကြက်တူရွေး ငှက်ကဲ့သို့ မန္တန်ကိုရွတ်နေကာမျှနှင့်လည်း မပြီးသေးပါ။

အနက်အဓိပ္ပါယ်ကိုပါ သိရှိအောင်လေ့ကျက်ထားရှိပြီး ဖြစ် စေကာမူ ထိုအနက်အဓိပ္ပါယ်များကို မန္တန်ရွတ်ဖတ်သရဇ္ဈာယ် နေစဉ် ဆင်ခြင်စဉ်းစားခြင်း လုံးဝမရှိပါဘဲ မနော(စိတ်)က စဉ်း စားချင်ရာတွေစဉ်းစားနေပြီးမှ ဝစီ(နှုတ်)ကချည်း မန္တန်ကို အခေါက်ရေများအောင် ရွတ်ဆိုနေကာမျှနှင့်လည်း ကျေးဇူးများ လှမည်မဟုတ်ပါ။ မိမိရွတ်ဆိုသောမန္တန်၏အနက်ကိုထင်စေကာ အဓိပ္ပါယ်များကို တစ်ပုဒ်စီ၊တစ်ပုဒ်စီ စိတ်ထဲကလိုက်၍ သိရှိကာ အဆက်မပြတ်နှလုံးသွင်းနိုင်မှသာ အဓိပ္ပါယ်နှင့်တကွ မန္တန်၏ အာနိသင် ဖြစ်စေနိုင်၏။

## ၁၀။ ဌာန်ကရိုဏ်း

မန္တန်၏အက္ခရာပုဒ်၊ ဝါကျတို့ကို ဌာန်ကရိုဏ်းကျကျ (အသံ)ထွက်မှန်ကန်ရန် လိုအပ်သည်မှာ အင်္ဂါတစ်ပါးဖြစ်သည်။ သီချင်းဆိုရာ၌ဖြစ်စေ၊ စာဖတ်ရာ၌ဖြစ်စေ၊ ဂါထာမန္တန်ရွတ်ဆိုရာ၌ဖြစ်စေ၊ စာအဓိပ္ပါယ်ပေါ်အောင်ပီသစွာရွတ်ဆိုရခြင်းသည် လျှာ၏အထားအသိုမှန်ကန်အောင် ဌာန်ကရိုဏ်းကျကျရွတ်ဆိုရခြင်းသည် လိုအပ်ချက်တစ်ခုဖြစ်၏။

ထိုသို့ အသံပြုရွတ်ဖတ်ရာ၌လည်း အဖြတ်အတောက်က အရေးကြီးပြန်သည်။ အဖြတ်အတောက်မတတ်လျှင် အဓိပ္ပါယ်လွဲမှားနိုင်သည်။ နားဝင်ချိုသောအသံသာသာဖြင့် လှိုက်လှိုက်လှဲလှဲနှလုံးသားထဲသို့စွဲဝင်သွားအောင် ရွတ်ဆိုနိုင်ပါလျှင် အာနိသင်များသည် ထို(အသံ)ကြောင့် ပို၍အစွမ်းထက်မြက်စေနိုင်ဖွယ်ရာ အကြောင်းရှိ၏။

## ၁၁။ မန္တန်ရွတ်ဆိုရမည့်အချိန်

မန္တန်ရွတ်ဆိုရန်အချိန်နှင့်ပတ်သက်၍ နံနက်အရုဏ်တက်သည်မှစ၍ နံနက် (၆) နာရီအတွင်း (ဗြဟ္မမုဟုတ္တရ) အချိန်ဟု ခေါ်သည်။ အကောင်းဆုံးအချိန်ဟု သတ်မှတ်ထားကြ၏။

ထိုရောင်နီလာချိန်နံနက်ခင်းသည် အနုပျိုဆုံးအချိန်ဖြစ်သည်။ အားမာန်သစ်ကို ဖန်တီး၍ပေးသောအချိန်ဖြစ်သည်။ ရှင်လန်းသာယာသောအချိန်ဖြစ်၍ ဉာဏ်သစ်ပညာပွင့်လင်းချိန်ဖြစ်သည်။ ဝေဒ၊ မန္တ၊ လောကီယ၊ အရိယာ၊ ဂန္ဓာရီ၊ ဝိဇ္ဇာမိုရ်၏ အပေါင်းတို့၏ ဟိတ်တန်ခိုးများသည် လောကဓာတ်ပတ်ဝန်းကျင်အသံလှိုင်းထဲ၌ ပျံ့နှံ့နေချိန်လည်းဖြစ်၏။

အသံကိုအကြောင်းပြုပြီး မန္တန်၏ အာနိသင်ဟိတ်တန်ခိုးများကို အရဖမ်းလိုသူတစ်ဦးတစ်ယောက်အဖို့ သူတော်ကောင်းသူမြတ်လောင်းတို့ ပို့သသောမေတ္တာ၊ ပေးဝေသောအမျှတို့ကိုသာမက လောကီဝိဇ္ဇာမိုရ်တို့၏ ခန္ဓာကိုယ်မှ ပျံ့နှံ့လာသော ဟိတ်တန်ခိုးအာနိသင်အပေါင်းကို မိမိ၏ နှလုံးအိမ်ထဲသို့ စိမ့်ဝင်ယိုစီးခွင့် အာရုံတံခါးဝများကိုဟင်းလင်းဖွင့်ထားပြီး အမိအရဖမ်းယူနိုင်ရန် အကောင်းဆုံးသောအချိန်အခါဖြစ်၏။

ထိုအကောင်းဆုံးဖြစ်သော (ဗြဟ္မမုဟုတ္တရ) အချိန်အခါမှ လွဲလျှင် နေထွက်ဆဲဆဲ၊ နေဝင်ဆဲဆဲ၊ သန်းခေါင်ဆဲဆဲ ဉ်ဆဲဆဲ သုံးပါးအချိန်တို့လည်းကောင်းသည်။ ထိုမှတပါး ဆည်းဆာချိန်

ကိုလည်း အသုံးပြုနိုင်သည်။ သူ့သတ္တိနှင့်သူ့အယူအဆအတိုင်းပင် ဖြစ်၏။

*  *  *

## ၁၂။ ဇပွယောဂနည်း

ဇပွယောဂနည်းအားဖြင့် မန္တန်၏အကျိုးအာနိသင် သက်ရောက်အောင်ဆောင်ရွက်ရမည့် အင်္ဂါရပ်အသီးသီး၌ မန္တန်၏ (ဟိုတ်) တန်ခိုးသတ္တိတို့သည် မိမိ၏ကိုယ်ထဲသို့ ထွင်းဖောက်ပြီး စိမ့်ဝင်လာကြလေပြီဟူသော အာရုံ၏တံခါးများကိုဖွင့်ထားနိုင်မှု၊ အကြောင်းခံအားဖြင့် ဟိတ်ဟူသောမန္တန်၏ အရှင်အား စိတ်အာရုံဝယ် အသက်ဝင်လှုပ်ရှားနေပုံကို စိတ္တဇရုပ်အားဖြင့် မြင်နိုင်မှုများသည် အဓိကအရေးအကြီးဆုံးဖြစ်ကြောင်း သတိမူသင့်၏။

*  *  *

## ၁၃။ ဝိဇ္ဇာခိုရ်မျိုးငါးပါး

ကျေးရူးရှင် လယ်တီဆရာတော်ဘုရားကြီး စီရင်ရေးသား အပ်သော "ဝိဇ္ဇာမဂ္ဂဒီပနီကျမ်း"တွင်.....

(၁)ဝေဒဝိဇ္ဇာခိုရ်–ဣရုဗ္ဗေဒ, ယဇု, သာမ, အာတပ္ပနခေါ် ဗေဒင်လေးမျိုးတတ်သူ။

(၂)မန္တဝိဇ္ဇာခိုရ်–လက္ခဏာကျမ်း၊ နိမိတ်ကျမ်း, ဂါထာမန္တရား, ဆေးဝါးခတ်ကျမ်းစသည့် စက်မှု၊လက်မှု လောကီပညာအတတ်အမျိုးမျိုးတတ်သူ။

(၃)ဂန္ဓာရီဝိဇ္ဇာခိုရ်–မနသိဒ္ဓိ၊အာယုသိဒ္ဓိ၊စိန္တာမယသိဒ္ဓိ ပထဝီသိဒ္ဓိ၊အာကာသသိဒ္ဓိ၊ဥဒကသိဒ္ဓိမျိုးကို ပေါက်၍ နတ်သိကြားတို့လောက် အစွမ်းရှိသောဆေးဝိဇ္ဇာ၊အင်းဝိဇ္ဇာ၊ပြဒါးဝိဇ္ဇာ၊သံဝိဇ္ဇာဟူသမျှ။

(၄)လောကီယဝိဇ္ဇာခိုရ်– လောကီအဘိညာဉ်ငါးပါးကို ရတော်မူကြသော ဈာန်ပျံပုဂ္ဂိုလ်အပေါင်း။

(၅)အရိယဝိဇ္ဇာခိုရ်–အနိစ္စ, ဒုက္ခ, အနတ္တ, ရုပ်, နာမ်, ဓမ္မ, သင်္ခါရတို့ကို အဟုတ်အမှန်သိတော်မူကြသော ပုဂ္ဂိုလ်ရှစ်ယောက်။

ဟူ၍ ရေးသားတင်ပြထားပါသည်။

## ၁၄။ မန္တဝိဇ္ဇာဟူသည်

ဆရာဦးထွန်းရှိန် (မိုးတား)ပြုစုသော "ဝိဇ္ဇာပညာနိဒါန်း" စာအုပ်တွင်.....

"..........အမျိုးမျိုးသော မှတ်ကြောင်းဖြင့် သိစွမ်းနိုင်သော လက္ခဏာကျမ်း၊ အမျိုးမျိုးသောမျက်မြင်နားကြားကို အကြောင်းပြု၍ သိစွမ်းစေနိုင်သော နိမိတ်ကျမ်း၊ အဿဝတီ, ဘရဏီ, ကြတ္တိကာအစရှိသော နက္ခတ်(၂၇)လုံးတို့၏ နေထိုင်ရွေ့ပြောင်း ညှိုးမှိန် ထိန်လင်းစသောအခြင်းအရာတို့ကို ရှုမြင်သဖြင့် ကပ္ပါဒ္ဒသက်ရှိ၊သက်မဲ့ဝတ္ထုပစ္စည်းတို့၏ အကျိုးအပြစ်များကို သိစွမ်းစေနိုင်သောနက္ခတ်ကျမ်း၊ အမျိုးမျိုးသောဓာတ်ကျမ်း၊ အမျိုးမျိုးသောဆေးကျမ်း၊ အမျိုးမျိုးသောဂါထာမန္တရားကျမ်း အစရှိသောလောကီပညာဟူ၍ ယခုလောကဥ္ခေါ်ဝေါ်ကြသော အတတ်မျိုး၊ပညာမျိုးဟူသမျှ တတ်မြောက်သောစွမ်းအင်ရှိသည့်သူကို မန္တဝိဇ္ဇာဟုမှတ်ရာ၏" ဟူ၍ ရေးသားဖော်ပြထား၏။

## ၁၅။ ဂါထာမန္တန်လိုက်

ဂါထာ၊ မန္တန်၊ မန္တရား၏ အစွမ်းသတ္တိပေါက်ရောက် အောင်မြင်၍ အကျိုးအာနိသင်အပြည့်အ၀ရရှိအောင် ဂါထာ၊ မန္တန်မရွတ်မီ "ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာသမားများနှင့်ခင်ပွန်းကြီး(၁၀)ပါးတို့ကို အကျွန်ုပ်သည် သံသရာအစမှ ယခုမျက်မှောက်ဘ၀တိုင်း ကာယကံ၊ ၀စီကံ၊ မနောကံတို့ဖြင့် မိုက်မှားပြစ်မှားမိခဲ့သောအပြစ်များရှိခဲ့ပါလျှင် သည်းခံ၍ခွင့်လွှတ်တော်မူပါဘုရား။ မိမိအပေါ်၌ မိုက်မှားပြစ်မှားထားသူများရှိခဲ့ပါလျှင်လည်း ချမ်းသာစွာနေရအောင် သည်းခံခွင့်လွှတ်ပါ၏"ဟူ၍ တောင်းပန်ဝန်ချကန်တော့ပြီးမှ ဂါထာမန္တန်တို့ကို ရွတ်ဆိုသရဇ္ဈာယ်လျှင် ပို၍အစွမ်းသတ္တိထက်မြက်၏။

* * * * *

## အခန်း(၂)

### ၁၆။ အစွမ်းထက်မြက်သော ဂါထာမန္တန်များ

### ၁၇။ ရွှေစင်တစ်သိန်းတန်မန္တန်တော်

### (သဗ္ဗဇယမင်္ဂလာဂါထာတော်)

ဒိဝါတပတိအာဒိစ္စော၊
ရတ္တိမှာ ဘာတိစန္ဒိမာ။
သန္နဒ္ဓေါ ခတ္တိယောတပတိ၊
ဈာယီတပတိ ဗြဟ္မဏော။
အတ္ထသဗ္ဗ မဟောရတ္တိံ၊
ဗုဒ္ဓေါတပတိ တေဇသာ၊
အာဒိသံ တေဇသမ္ပန္နံ၊
ဗုဒ္ဓံဝန္ဒာမိ အာဒရံ၊
နမက္ကာရာ နုဘာဝေန
သဗ္ဗ ပုရေန္တု သက်ပ္ပါ။

### သဗ္ဗဇယမင်္ဂလာ ဂါထာတော်အနက်

–အာဒိစ္စော၊ ရောင်ခြည်တစ်ထောင်အလင်းဆောင်သော ထွန်းပြောင်ထိန်ဝင်း ရှင်နေမင်းသည်။ ဒိဝါ၊ နေ့အခါ။ တပတိ၊ မှောင်မိုက်ပယ်ဖျောက် ထွန်းလင်းတောက်ပ၏။

–စန္ဒိမာ၊ သော်တာယုန်နန်း လပြည့်ဝန်းသည်။ ရတ္တိံ၊ ညဥ့်အခါ

၌။ ဘာတိ၊ ထွန်းလင်းကျက်သရေ တောက်ပ၏။

–စက္ကုံယော၊ ရေမြေပိုင်နင်း ပြည့်ရှင်မင်းသည်။ သန္တေ့ခါ၊ ချပ်ဝတ်တန်ဆာဆင်ယင်သောအခါ၌။ ဘာတိ၊ မင်းတို့ကျက်သရေ ထွန်းလင်းတင့်တယ်တောက်ပလေ၏။

–ဇြဟ္မဏော၊ မကောင်းမှုကို အပပြုပြီးသောပုဂ္ဂိုလ်သည်။ ဈာယီ၊ ဈာန်ဝင်စားသောအခါ၌။ တပတိ၊ ရဟန်းကျက်သရေ ထွန်းလင်းတင့်တယ်တောက်ပလေ၏။

–အထ၊ ထိုမှတပါး (ဝါ) ထိုနေမင်း၊ လမင်းအစရှိသည်တို့ထက်။ ဗုဒ္ဓေါ၊ သစ္စာလေးရပ်တရားမြတ်ကို ဆတ်ဆတ်သိမြင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်။ သဗ္ဗံ၊ အလုံးစုံသော။ အဟောရတ္တိံ၊ နေ့ညဥ့်တို့ပတ်လုံး။ တေဇသာ၊ ပါရမီတော်ကြောင့်ဖြစ်သောတန်ခိုးတော်ဖြင့်။ တပတိ၊ ဗုဒ္ဓကျက်သရေ ထွန်းလင်း တင့်တယ်တော်မူပေသတည်း။

–တာဒိတံ၊ ထိုသို့သဘောရှိတော်မူသော။ တေဇသမ္ပန္နံ၊ နေ့ညဥ့်မညီး တောက်ပဖြိုးသည့်တန်ခိုးတော်နှင့်လည်း ပြည့်စုံတော်မူထသော။ ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ အဟံ၊ အကျွန်ုပ်သည်။ အာဒရံ၊ ကျိုးနွံမသွေ ရိုသေလုစွာ။ ဝန္ဒာမိ၊ သဒ္ဒါဖြိုးဖြိုး လက်အုပ်မိုး၍ ရှိခိုးပါ၏။

ဤသို့ ရှိခိုးပူဇော်ဖူးမြော်မာန်လျှော့ ကန်တော့ရသောကုသိုလ်စေတနာတို့ကြောင့် သဗ္ဗေ၊ ခပ်သိမ်းကုန်သော အလိုရှိရာ

တောင့်တရာဟူသမျှတို့သည်။ ပုရေန္တု၊ ပြည့်စုံရပါလို၏ အရှင်မြတ်ဘုရား။

နေ့စဉ် တစ်နေ့လျှင် ၃ ခေါက် (သို့မဟုတ်) ၉ ခေါက် ဘုရားရှေ့၌ ရွတ်ဆိုပူဇော်ပြီး မိမိလိုရာဆုကိုတောင်းပါ။ မိမိ သက်စေ့အခေါက်ရေ ရွတ်ဆိုနိုင်လျှင် ပို၍ကောင်း၏။

အကျိုးကား။ ။ အသက်စည်းစိမ်၊ အလုပ်အကိုင်နှင့် ဘေးအန္တရာယ်ဟူသမျှကို တွန်းလှန်ကာကွယ်သည့်အပြင် စီးပွားလာဘ်လာဘတို့ကို ပေးစွမ်း၏။ အချုပ်အနှောင်အခက်အခဲက လွတ်မြောက်၏။

* * *

## ၁၈။ အဇ္ဈာနမေတံဂါထာတော်

အဇ္ဈာနမေတံ ဘိက္ခဝေ အနဝကာသော၊
ယံပရူပက္ကမေန တထာဂတံ ဇီဝိတာဝေါရောပေယျ၊
အနူပက္ကမေနဘိက္ခဝေ တထာဂတာ ပရိနိဗ္ဗာယန္တိ၊
ဧတေနသစ္စဝဇ္ဇေန သောတ္ထိမေဟောတုသဗ္ဗဒါ။

ရဟန်းတို့ သူတပါးလုံ့လဖြင့် မြတ်စွာဘုရားကို သတ်နိုင်ရာသောကြောင့် အခွင့်လုံးဝမရှိဖြစ်သည်။ ရဟန်းတို့မြတ်စွာဘုရားတို့သည် သူတပါးတို့၏လုံ့လမပြုဘဲ ပရိနိဗ္ဗာန်စံတော်မူကုန်၏။

ဤဂါထာတော်ဖြစ်ပေါ်လာပုံမှာ ဒေဝဒတ်သည် ဂိဇ္ဈကုဋ်တောင်မှ ကျောက်တုံးလိမ့်ချ၍ ဘုရားရှင်အား အသက်အန္တရာယ်ပြုရာ ကျောက်လွှာစင်ပြီး ဘုရားရှင်၏ခြေတော်၌သွေးစိမ်းကိုဖြစ်စေ၏။ ရဟန်းတို့ကြားသိပြီး စုရုံးစောင့်ရှောက်ကြ၏။ ဘုရားရှင်က ရှင်အာနန္ဒာကိုမေးတော်မူ၍ အကြောင်းကိုလျှောက်လေလျှင် ရဟန်းတို့ကိုခေါ်တော်မူပြီး အထက်ပါဂါထာကို ဟောတော်မူခြင်းဖြစ်၏။

နေ့စဉ် တစ်နေ့လျှင်တစ်ခေါက် မှန်မှန်ရွတ်ပါ။ အရေးကြုံလျှင် ရွတ်ဆိုပူဇော်ပါ။

အကျိုးကား။ ။ အသက်စည်းစိမ်၊ အလုပ်အကိုင်နှင့်ဘေးအန္တရာယ်ဟူသမျှကိုတွန်းလှန် ကာကွယ်သည့်အပြင် စီးပွားလာဘ်လာဘတို့ကိုပေးစွမ်း၏။

## ၁၉။ စိန္တာမဏိဂါထာတော်

၁။ စိန္တာမဏိ ရတနာနိ၊
ဗုဒ္ဓံဗုဒ္ဓ ရတနာနံ၊
ကရံကရတိ သရဏံ၊
မိပ္ပမေဝ သမိဇ္ဈတု။

၂။ စိန္တာမဏိ ရတနာနိ၊
ဓမ္မံဓမ္မ ရတနာနံ၊
ကရံကရတိ သရဏံ၊
မိပ္ပမေဝ သမိဇ္ဈတု။

၃။ စိန္တာမဏိ ရတနာနိ၊
သံဃံသံဃ ရတနာနံ၊
ကရံကရတိ သရဏံ
မိပ္ပမေဝ သမိဇ္ဈတု။

ဤစိန္တာမဏိဂါထာတော်ကို ဘုရားရှိခိုးပြီးတိုင်း တစ်နေ့လျှင်တစ်ခေါက် မပျက်မကွက်မှန်မှန်ရွတ်ဖတ်သရဇ္ဈာယ်ပေးပါ။ မိမိတို့၏ လိုအင်ဆန္ဒအဝဝတို့ ပြီးပြည့်စုံသည့်ပြင် ဘဝအဆက်ဆက်ကပစ္စည်းဟောင်းများ ဤမျက်မှောက်ဘဝ၌ ပြန်လည်ရ၏။

*    *    *

## ၂၀။ ကပ်ကျော် သမ္ဗုဒ္ဓေ ဂါထာတော်ကြီး

သမ္ဗုဒ္ဓေ အဋ္ဌဝီသဉ္စ၊
ဒွါဒသဉ္စ သဟဿကေ။
ပဉ္စသတ သဟဿာနိ၊
နမာမိ သိရသာမဟံ။
အပ္ပကာ ဝါဠုကာ ဂင်္ဂါ၊
အနန္တာ နိဗ္ဗုတာဇိနာ၊
တေသံ ဓမ္မဉ္စ သံဃဉ္စ၊
အာဒရေန နမာမဟံ။
နမက္ကာရာ နုဘာဝေန၊
ဟိတွာ သဗ္ဗေ ဥပဒ္ဒဝေ၊
အနေက အန္တရာယာပိ၊
ဝိနဿန္တု အသေသတော။

အိပ်ရာဝင်သောအခါ၊ ခရီးသွားသောအခါ၊ နံ့သာမျိုးငါးပါးကိုအသုံးပြုသောအခါ၊ ဘေးဒုက္ခအန္တရာယ်နှင့်အသက်သေဘေးနှင့်ရင်ဆိုင်သောအခါ ၉ ခေါက်တိတိ ယုံကြည်စိတ်အပြည့်အဝဖြင့်ရွတ်ဆိုပါ။ လိုအင်ဆန္ဒပြည့်ဝပြီး ဘေးဆိုးကပ်ဆိုးမှ လွတ်မြောက်၏။

* * *

## ၂၃။ မဟာသရဏဂုံတော်ကြီး

ဤမဟာသရဏဂုံတော်ကြီးကို ကျေးဇူးရှင်လယ်တီ ဆရာတော်ဘုရားကြီး စီရင်သည်။ ကိုယ်တော်တိုင်လည်း နေ့စဉ်အမြဲ ရွတ်ဆိုပြီး ပုတီးစိပ်တော်မူခဲ့ကြောင်း သိခဲ့ရ၏။

မဟာသရဏဂုံတော်ကြီးအကြောင်းကို အမြွက်မျှပြဆိုရပါလျှင် "အဇ္ဈတၱဂေပါဏုပေတံ ဗုဒ္ဓံသရဏံဂစ္ဆာမိ"ကိုအစပြု၍ "သဗ္ဗေဝိပါက ဝဋ္ဋဒုက္ခက္ခယနိဗ္ဗာနဓာတုသစ္စံ သရဏ ပရိယန္တံ သံဃံ သရဏံဂစ္ဆာမိ"တွင် အဆုံးသတ်သည်။ ပုတီးတစ်ခါစိပ်လျှင် မိနစ်ငါးဆယ်ကြာမှဆုံးသည်။ တစ်ပိုဒ်ဆုံးမှ တစ်လုံးချစိပ်ဟု လယ်တီဆရာတော်ဘုရားက အမိန့်ရှိခဲ့ကြောင်းသိရ၏။

ဥပမာ – ပဥ္စက္ခန္ဓ ဒုက္ခ ပရိညာ ပရိယန္တံ ဗုဒ္ဓံသရဏံဂစ္ဆာမိ (တစ်လုံးချ)။

– ပဥ္စက္ခန္ဓ ဒုက္ခ ပရိညာ ပရိယန္တံ ဓမ္မံသရဏံဂစ္ဆာမိ (တစ်လုံးချ)။

– ပဥ္စက္ခန္ဓ ဒုက္ခ ပရိညာ ပရိယန္တံ သံဃံသရဏံဂစ္ဆာမိ (တစ်လုံးချ)။

အနက်ကိုပါ ရွတ်၍စိပ်လျှင် သာ၍ကောင်းသည်။ မဟာသရဏံဂုံအနက်နိသျကိုလည်း လယ်တီဆရာတော်ဘုရားကြီး ကိုယ်တော်တိုင် ရေးသားထားခဲ့၏။

– ပဥ္စက္ခန္ဓပရိညာပရိယန္တံ၊ ခန္ဓာငါးပါးတည်းဟူသော

ဒုက္ခတုံးကြီးကို ပိုင်ပိုင်နိုင်နိုင်ဒုက္ခမှန်းသိခြင်းလျှင် အဆုံးရှိသည့်တိုင်အောင် ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ သရဏံ၊ ကိုးကွယ်ရာမှီခိုရာ ပုန်းအောင်းရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။

– ပဥ္စက္ခန္ဓပရိညာပရိယန္တံ၊ ခန္ဓာငါးပါးတည်းဟူသော ဒုက္ခတုံးကြီးကို ပိုင်ပိုင်နိုင်နိုင်ဒုက္ခမှန်းသိခြင်းလျှင် အဆုံးရှိသည့်တိုင်အောင် ဓမ္မံ၊ တရားတော်ကို။ သရဏံ၊ ကိုးကွယ်ရာမှီခိုရာ ပုန်းအောင်းရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။

– ပဥ္စက္ခန္ဓပရိညာပရိယန္တံ၊ ခန္ဓာငါးပါးတည်းဟူသော ဒုက္ခတုံးကြီးကို ပိုင်ပိုင်နိုင်နိုင်ဒုက္ခမှန်းသိခြင်းလျှင် အဆုံးရှိသည့်တိုင်အောင်။ သံဃံ၊ သံဃာတော်ကို။ သရဏံ၊ ကိုးကွယ်ရာမှီခိုရာ ပုန်းအောင်းရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။

ထိုသို့ အနက်ပါဖော်၍ ပုတီးစိပ်လျှင် အဓိပ္ပါယ်ပါ တစ်ပါတည်းနားလည်ရသဖြင့် ပိုပြီးအကျိုးရှိနိုင်သည်။ အဓိပ္ပါယ်နားလည်မှုအသိဓာတ်ခံရှိသောအခါ ပါဠိသက်သက်လည်း စိပ်နိုင်ပါ၏။

အကျိုးကား ။ ။ ဤမဟာသရဏဂုံတော်ကြီးသည် ရေလမ်းခရီး၊ ကုန်းလမ်းခရီး၊ လေလမ်းခရီးသွားလာသောအခါ မိမိတွင်စိပ်ပုတီးပါလျှင်လည်း စိပ်နိုင်သည်။ စိပ်ပုတီးမပါရှိသောအခါ နှုတ်မှရွတ်ဆိုပူဇော်နိုင်သည်။ ဘေးအန္တရာယ်အသွယ်သွယ်ကို လက်တွေ့ကင်းရှင်းသည်။ ဘေးအန္တရာယ်နှင့်ကြုံတွေ့သည့်တိုင်အောင် မိမိမှာလွတ်ကင်းချမ်းသာ၏။

မဟာသရဏဂုံတော်ကြီး

–ဇီဝိတ ပရိယန္တံ့ အဒ္ဓတဂ္ဂေပါဏုပေတံ ဗုဒ္ဓံသရဏံဂစ္ဆာမိ။

–ဇီဝိတ ပရိယန္တံ့ အဒ္ဓတဂ္ဂေပါဏုပေတံ ဗုဒ္ဓံသရဏံဂစ္ဆာမိ။

–ဇီဝိတ ပရိယန္တံ့ အဒ္ဓတဂ္ဂေပါဏုပေတံ ဗုဒ္ဓံသရဏံဂစ္ဆာမိ။

## ၂၂။ လာဘ်လာဘများရွှင်လန်းပေါ်များစေသော ရှင်သီဝလီဂါထာတော်

ရှင်သီဝလီရဟန္တာမြတ်ကြီးဟုဆိုလျှင် မြန်မာဗုဒ္ဓဘာသာဝင်တိုင်း သိရှိကြသည်။ အထူးသဖြင့် စီးပွားရေးဖက်တွင် စိတ်ဝင်စားသူများက ပို၍သိရှိကြသည်။ မြတ်စွာဘုရားရှင် လက်ထက်တော်အခါက ပစ္စည်းလာဘ်လာဘပေါများသည့်နေရာတွင် ပြိုင်ဖက်မရှိတော (အမြတ်ဆုံး၊ အထူးချွန်ဆုံး)ဘွဲ့အထိရခဲ့သည့် သာဝကတစ်ပါးဟု နားလည်ထားကြ၏။

ထို့ကြောင့် သပိတ်၊ သင်္ကန်း၊ ယပ်၊ တောင်ဝှေး၊ ပရိက္ခရာများပါရှိသည့် ရှင်သီဝလီရဟန္တာမြတ်ကြီး၏ ရုပ်တုတော်ကို ထုလုပ်၍ အိမ်တွင်ကိုးကွယ်ကြသည်။ ရှင်သီဝလီရဟန္တာမြတ်ကြီး၏ဂါထာတော်ကိုလည်း နေ့စဉ်ရွတ်ဖတ်ပူဇော်လေ့ရှိသည်။ အချို့သောပုဂ္ဂိုလ်တို့မှာ ရှင်သီဝလီရုပ်တုတော်ကိုဖြစ်စေ၊ ရှင်သီဝလီဓာတ်တော်ကိုဖြစ်စေ ကြုတ်တွင်ထည့်ပြီး ကိုယ်မှာဆောင်၍ ကိုးကွယ်ထားကြသည်ကိုလည်း တွေ့ရ၏။

ရှင်သီဝလိရဟန္တာမြတ်ကြီး၏ ဂါထာတော်နှင့်ပတ်သက်၍ လေ့လာကြည့်သောအခါ ဂါထာတော်(၁၀)ပုဒ်ရှိသည်ကို လေ့လာတွေ့ရှိရသည်။ ယင်းဂါထာတော်(၁၀)ပုဒ်ရှိသည့်အနက် အမှတ်(၁၀)ပုဒ်သည် တန်ခိုးအထက်မြက်ဆုံးဖြစ်သည်ဟု လေ့လာသိရှိရသည်။

ရှေးခေတ်မှ မျက်မှောက်ခေတ်တိုင် မြန်မာဗုဒ္ဓဘာသာဝင်တို့ရွတ်ဆိုပူဇော်၍ ဆုတောင်းပြည့်ခဲ့သော ရှင်သီဝလိဂါထာတော်သည် ဤဂါထာမြတ်ပင်ဖြစ်၏။

ရှင်သီဝလိဂါထာတော်

**"သီဝလိစ မဟာထေရော၊**

**ဒေဝ မနုဿ ပူဇိတော၊**

**သောရဟော ပစ္စယာဒိနံ၊**

**မဟာလာဘံ ကာရောတုမေ။"**

နတ်လူအပေါင်းတို့ ရှိခိုးပူဇော်အပ်သော လာဘ်လာဘပေါများစေသည့် ရှင်သီဝလိမထေရ်သည် အရှင်မြတ်၏ တန်ခိုးတော်အရပ်ရပ်တို့ကိုပူဇော်သည့် တပည့်တော်အား ချမ်းသာစီးပွားလာဘ်လာဘပေါများခြင်းကို ချီးမြှင့်စောင့်ရှောက်တော်မူပါစေ ဟူသည့် အဓိပ္ပါယ်ရှိ၏။

ဤရှင်သီဝလိဂါထာတော် အမှတ်(၁၀)ကို နေ့စဉ်ရွတ်ဆို ပူဇော် သရဇ္ဈာယ်သူသည် ဘေးဆိုးရန်ဆိုးများကွင်း၍ လာဘ်လာဘ

များ အထူးရွှင်လန်းပေါ်များကုန်၏။

အထူး ။ ။ ငွေကြေးအခက်အခဲတွေ့နေ၍ ဒုက္ခနှင့်ရင်ဆိုင်တွေ့ကြုံနေသူများသည် အထက်ဖော်ပြပါရှင်သီဝလိဂါထာတော်ကို နေ့စဉ်နေ့တိုင်း မိမိနေအိမ်ရှိဘုရားစင်ရှေ့တွင် အချိန်မှန်၊ နေရာမှန်၊ တစ်နေ့လျှင် (၂၇)ခေါက်တိတိရွတ်ဆို၍ (၂၇)ရက်တိတိ အဓိဋ္ဌာန်ဝင်ပြီးပူဇော်ပါ။ မကြာခင်ကာလတွင် ငွေကြေးအခက်အခဲများ ပြေလည်သွားပေမည်ဖြစ်၏။ ထိုသို့ ရှင်သီဝလိဂါထာတော်ကို အဓိဋ္ဌာန်ဖြင့်ပူဇော်သဖြင့် ဆုံးပါးနေသောငွေကြေးများ ပြန်လည်ရရှိခြင်း၊ မမျှော်လင့်ဘဲ ငွေကြေးခနများ အစုလိုက်အပြုံလိုက်ရရှိခြင်း၊ ငွေကြေးခနနှင့်ပတ်သက်၍ ကူညီ ထောက်ပံ့မည့်သူများ ပေါ်ပေါက်ခြင်းတို့ကို ကိုယ်တွေ့ကြုံတွေ့ရဖူး၏။

## ၂၃။ ရေလမ်းခရီးဖြင့် အသက်မွေးဝမ်းကျောင်းပြုသူများအတွက် ရှင်ဥပဂုတ်ဂါထာ

"ဥပဂုတ္တော၊ အာဂန္တွ ဝါဏာ၊
အဏ္ဏဝေ၊ လောဟပါသာဒေ၊
ဣစဂေဟာ၊ ဝသိတ္တာန၊
ဝါရေထ မာ ရန္တုရာသံ"

တောင်သမုဒ္ဒရာ အဏ္ဏဝါ၌ ကြေးပြာသာဒ်နှင့်သီတင်းသုံးနေတော်မူသော ရှင်ဥပဂုတ်မထေရ်သည် ကြွလာတော်မူ၍ ဘုရားတပည့်တော်၏ ဤအိမ်ဂေဟာ၌ သီတင်းသုံးတော်မူပြီး မာရ်နတ်မင်း၏ ရန်စွယ်ဟူသမျှကို အရှင်ဘုရား၏ တန်ခိုးတော်ဖြင့် ဖယ်ရှားတားမြစ်တော်မူပါ ဘုရားဟူ၍ အဓိပ္ပါယ်ရှိ၏။

မိမိနေအိမ်တွင် မကောင်းသောဘေးအန္တရာယ်နှင့် ရောဂါအသွယ်သွယ်တို့ကိုလည်း ကင်းရှင်းပပျောက်စေရန် ဖော်ပြပါဂါထာတော်ဖြင့်ရွတ်ဆိုပူဇော်ကိုးကွယ်နိုင်သည်။ အထူးသဖြင့် ရေလမ်းခရီးဖြင့် အသက်မွေးဝမ်းကျောင်းပြုနေသူများသည် ရေးအစဉ်အဆက်ကစ၍ ဤရှင်ဥပဂုတ်ဂါထာတော်ကို အမြဲရွတ်ဖတ်သရဇ္ဈာယ်ခဲ့ကြ၏။

၂၄။ ဘယ်လိုပညာမျိုးကိုမဆို ကြားကာမြင်ကာမျှဖြင့် တတ်သိမှတ်မိနိုင်သော အောင်သိဒ္ဓိမင်္ဂလာဂါထာတော်

နိဟိဉာဏန္တရာယေပိ၊ ကာတုံဗုဒ္ဓဿကေနစိ၊
တဒေဝ ဝစနံသစ္စံ၊ ဝန္ဒေတံ လောကနာယကံ၊
တေနသစ္စေန ပုညေန၊ ဟောတုမေဉာဏ ဝဍ္ဎနံ၊
နာနာသိဒ္ဓိ နိနေကစာ၊ သဗ္ဗသိဗ္ဗာ နိဝါရိတံ။
ဧကေ သုတေန ဒိဋ္ဌေန၊ စိန္တိတေန စ သဗ္ဗသော။ ။

ဗုဒ္ဓဿ၊ သစ္စာလေးပါးမြတ်ဘုရားကို ပိုင်းခြားကုန်စင်သိမြင်တော်မူသော မြတ်စွာဘုရား၏။ ဉာဏန္တရာယောပိ၊ သဗ္ဗညုတဉာဏ်တော်အန္တရာယ်ကိုလည်း။ ကေနိစိ၊ တစ်စုံတစ်ယောက်သောသူသည်။ ကာတုံ၊ ပျက်စီးအောင်ပြုလုပ်ခြင်းငှာ။ နသက္ကာ၊ မတတ်နိုင်ပါ။

တဒေဝစနံ၊ ထိုစကားသည်။ သစ္စံ၊ ဟုတ်မှန်၏။ တေနသစ္စေန၊ ထိုစကားကြောင့်လည်းကောင်း။ တံလောကနာယကံ၊ လူနတ်ဗြဟ္မာသတ္တဝါတို့ကို။ ခေမာနန်း ပြည်နိဗ္ဗူသို့ကယ်ယူပို့ဆောင်တော်မူသော ထိုမြတ်စွာဘုရားကို။ ဝန္ဒေ၊ မြတ်မြတ်နိုးနိုးလွန်အားကိုးကာ ရှိခိုးပါ၏မြတ်စွာဘုရား။

တေနပုညေနစ၊ ထိုကောင်းမှုကံ စေတနာကြောင့် လည်းကောင်း။ မေ၊ အကျွန်ုပ်အား။ ဉာဏဝေဍ္ဎနံ၊ အရရာမှာ အသိအလိမ္မာ ဉာဏ်ပညာ ယခုထက်တိုးတက်လာခြင်းသည်။ ဟောတု၊

ဖြစ်ပါစေသတည်း။

နာနာသိဒ္ဓါနိ၊ အမျိုးမျိုးသော အလိုဆန္ဒဟူသမယတို့ကို အောင်မြင်ပြီးစီးနိုင်ကုန်သော။ အနေကဓာ၊ များစွာကုန်သော။ သဗ္ဗသိပ္ပါနိ၊ အလုံးစုံသောအတတ်ပညာတို့ကို။ ကေသုတေနစ၊ တစ်ကြိမ်တစ်ခါကြားကာမျှဖြင့်လည်းကောင်း။ ကေဒိဋ္ဌေနစ၊ တစ်ကြိမ်တစ်ခါကြဲကာမျှဖြင့်လည်းကောင်း။ သဗ္ဗေသော၊ အခြင်းခပ်သိမ်း။ ဝါရိကံ၊ တတ်လည်းတတ် သိလည်းသိ မှတ်လည်းမှတ် မိအောင် ဆောင်ထားနိုင်သည်။ ဘဝတု၊ ဖြစ်ပါစေသတည်း။

## ပါဠိရွတ်ဖတ်နည်း

| ပါဠိ | အသံထွက် |
| --- | --- |
| ဉာဏန္တရာယာပိ | ညာန်တရာယောပိ |
| ဗုဒ္ဓသ | ဗုတ်ဒတ်သ |
| ဝန္ဒေ | ဝန်ဒေ |
| ပုညေန | ပုံညေန |
| ဉာဏဝမုန် | ဉာဏဝတ်ဒန် |
| သိဒ္ဓါနိ | သိတ်ဒါနိ |
| သဗ္ဗသိပ္ပါနိ | သတ်ဗသိတ်ပါနိ |
| ဒိဋ္ဌေန | ဒိတ်ထေန |
| စိန္တိတေန | စိန်တိတေန |
| သဗ္ဗသော | သတ်ဗသော။ |

## ညွှန်ကြားမှာထားချက်

အဓိဋ္ဌာန်ထားပြီးလုပ်မှသာ မပျက်မကွက်ဖြစ်သောကြောင့် (ဒီကနေ့ကစ၍ တစ်လအတွင်း) ပါဠိအနက်တစ်ခေါက်ရွတ်ပါမည်။ ပါဠိသက်သက်ကို တစ်ခါရွတ်လျှင်(၉)ခေါက်၊ တစ်နေ့သုံးကြိမ်ရွတ်ပါမည်ဟု အဓိဋ္ဌာန်ထားပါ။ တစ်ခေါက်ဆုံးလျှင် လက်တစ်ချောင်းချိုး၍ထားပါ။

သရဏဂုံတည်ပြီး သီလရှိသူကရွတ်မှသာ တန်ခိုးထက်မြက်သောကြောင့် ဂါထာကိုမရွတ်မီ သရဏဂုံသီလကို ဆောက်တည်ထားပါ။

တစ်လပြည့်တိုင်း နောက်ထပ်တစ်လ တစ်လအဓိဋ္ဌာန်ပြီး ရွတ်ပါ။ အကျိုးထူးလာမည်ကိုလည်း မိမိကိုယ်မိမိ ယုံကြည်ထားပါ။

## ၂၅။ အမေးပုစ္ဆာအားလုံးကိုဖြေဆိုနိုင်ရန် အောင်သိဒ္ဓိမင်္ဂလာ သစ္စာဂါထာတော်

၁။ ဘုရားဂုဏ်တော်ကို အာရုံပြု၍ရွတ်ဆိုပါ။

**သဗ္ဗညုဏံ ဇိနံနာထံ ။**

**သစ္စံပုညံ နမာနတံ ။**

**ဝိဿဇ္ဇေတုံ သမတ္ထောဝ**

**သဗ္ဗပုစ္ဆာန ဌာနသော။ ။**

နာထံ၊လူသတ္တဝါများစွာအားထားရာဖြစ်တော်မူသော။ သဗ္ဗညုဏံ၊ မသိတာမတတ်တာမရှိ ခပ်သိမ်းဉာဏ်အလုံးစုံကို သိမြင်တော်မူသော (ဝါ) သဗ္ဗညုတဉာဏ်တော်ပိုင်ရှင်ဖြစ်တော်မူသော။ ဇိန၊ အောင်ပွဲရယူ အောင်တော်မူသော မြတ်စွာဘုရားကို။ အဟံ၊ တပည့်တော်သည်။ နမာမိ၊ မြတ်မြတ်နိုးနိုး လွန်အားကိုးကာ ရှိခိုးပါ၏ဘုရား။

ပုညံ–ပုညေန၊ ယခုရွတ်ဆိုရှိခိုးရသော ကုသိုလ်ရှိန်တော် အာနုဘော်ကြောင့်လည်းကောင်း။ သစ္စံ–သစ္စေန၊ ယခုရွတ်ဆို ရသော ဝစီမင်္ဂလာသစ္စာအစွမ်းကြောင့်လည်းကောင်း။ သဗ္ဗပုစ္ဆာန – သဗ္ဗပုစ္ဆာနံ၊ အားလုံးသော အမေးပုစ္ဆာဟူသမျှတို့ကို။ ဌာနသော၊ တခဏခြင်းဖြင့်။ ဝိဿဇ္ဇေတုံ၊ ဖြေလိုခြင်းငှာ။ သမတ္ထောဝ၊ စွမ်းနိုင်သည်သာ။ ဟောတု၊ ဖြစ်ပါစေသတည်း။

၂။ မိမိပြုဖူးသော ကုသိုလ်ကံကို အာရုံပြု၍ရွတ်ပါ။

အတီတေ ဝဋ္ဋမာနေစ
ကုသလော ပကာတောမယာ။
တေနပုညေန သစ္စေန
သဗ္ဗ ပုစ္ဆာန ဠာနသော၊
ဝိဿဇ္ဇေတုံ သမတ္ထောဝ
ဓေယျာသုခီ ဘဝန္တုမေ။

အတီတေစ၊ ရှေးရှေးဘဝကလည်းကောင်း။ ဝဋ္ဋမာနေစ၊ ယခုဘဝ၌လည်းကောင်း။ မယာ၊ ငါသည်။ ကုလလော၊ ကုသိုလ်ကောင်းမှုကို။ ပကတော၊ ပြုလုပ်ထားတာရှိပါသည်။

တေနပုညေနဝ၊ ထိုကုသိုလ်ရှိန်စော်အာနုဘော်ကြောင့်လည်းကောင်း။ တေနသစ္စေနစ၊ မှန်တာကိုပြောဆိုရသော ဝစီသစ္စာဆိုစကားကြောင့်လည်းကောင်း။ သဗ္ဗေပုစ္ဆာန်၊ အားလုံးသောအမေးပုစ္ဆာဟူသမျှတို့ကို။ ဌာနသော၊ တစ်ခဏာခြင်းဖြင့်။ ဝိသဇ္ဇေတုံ၊ ဖြေဆိုခြင်းငှာ။ သမတ္ထောဝ၊ နိုင်သည်သာ။ ဟောတု၊ ဖြစ်ပါစေသတည်း။

မေ၊ အကျွန်ုပ်၏။ ဓေယျာ၊ ဖြေဆိုထားတာဟူသမျှ အောင်မြင်ခြင်းတို့သည်လည်းကောင်း။ သုခိ၊ ကိုယ်ရောစိတ်ပါကြည်သာအေးမြချမ်းသာရခြင်းတို့သည်လည်းကောင်း။ ဘဝန္တု၊ ဖြစ်ကြပါစေကုန်သတည်း။

## ပါဠိဖတ်နည်း

| မြန်မာအသံထွက်ကို အရင်ဖတ်ပါ | ပါဠိကိုအသံထွက်အတိုင်း ဖတ်ပါ။ |
|---|---|
| ၁။ သတ်ဗညာဏ် | သဗ္ဗညာဏ် |
| သစ်စံ | သစ္စံ |
| ဝိတ်သစ်ဇေတုံ | ဝိဿဇ္ဇေတုံ |
| သမတ်တောဝ | သမတ္တောဝ |
| သတ်–ဗ–ပုတ်ဆာန | သဗ္ဗပုတ္ထာန |
| ၂။ ဝတ်တမာနေစ | ဝတ္တမာနေစ |
| ပုံညေန | ပုညေန |
| သစ်စေန | သစ္စေန |
| ဇေယာ | ဇေယျာ |
| ဘဝန်တု | ဘဝန္တု |

## ၂၆။ အလိုဆန္ဒပြည့်ဝစေသော
## အောင်သိဒ္ဓိမင်္ဂလာမေတ္တာဂါထာ

**အတီတေ ဝတ္တမာနေစ၊ ကုသလော ပကတော မယာ၊**
**ဣဒံ ပုညံ ဝိဘာဇေမိ၊ ဒေဝတာနံ သုခါယစ။**
**တေန ပုညာ နုဘာဝေန၊ သဗ္ဗရောဂါ ဝိမုစ္စတု။**
**သဗ္ဗဘယာ ဝိမုစ္စတု၊ သဗ္ဗသောကာ ဝိမုစ္စတု။ ။**

အတီတေစ၊ ရှေးရှေးဘဝကလည်းကောင်း။ ဝတ္တမာနေစ၊ ယခုဘဝ၌လည်းကောင်း။ မယာ၊ ငါသည်။ ကုသလော၊ ကုသိုလ်ကောင်းမှုကို။ ပကတော၊ ပြုလုပ်ထားတာရှိပါ၏။

ဣဒံပုညံ၊ ဤကောင်းမှုအဖို့ဘာဂဟူသမျှကို။ ဒေဝတာနံ၊ နတ်သား-နတ်သမီး၊ နတ်မျိုး-နတ်နွယ်အားလုံးတို့အား။ သုခါယစ၊ ချမ်းသာအောင်လည်းကောင်း။ ဟိတာယစ၊ ဆထက်ဆင့်တိုး ကောင်းကျိုးအမျိုးမျိုးကို ခံစားစံစားရအောင်လည်းကောင်း။ ဝိဘာဇေမိ၊ အမျှ အမျှ အမျှ ယူတော်မူကြပါကုန်လော့ဟု ပေးဝေလိုက်ပါ၏။

တေနပုညာ နုဘာဝေန၊ ထိုကောင်းမှုရှိန်စော်အာနုဘော်ကြောင့်။ မမ၊ ငါ့အား။ သဗ္ဗဘယာ၊ ဘေးရန်ခပ်သိမ်းမှ။ ဝိမုစ္စတု၊ ကင်းလွတ်ပါစေသတည်း။ သဗ္ဗရောဂါ၊ ရောဂါခပ်သိမ်းမှ။ ဝိမုစ္စတု၊ ကင်းလွတ်ပါစေသတည်း။ သဗ္ဗသောကာ၊ စိုးရိမ်ခပ်သိမ်းမှ။ ဝိမုစ္စတု၊ ကင်းလွတ်ပါစေတသည်း။

တေသံ မေတ္တာနုဘာဝေန ။ လဒ္ဓလာဘာဘဝန္တုမေ။ လဒ္ဓ ဘောဂါ လဒ္ဓသုခါ၊ လဒ္ဓဂုဏာ ဘဝန္တုမေ။

တေသံ၊ ထိုနတ်သား၊ နတ်သမီးနတ်မျိုးနတ်နွယ်အပေါင်း တို့၏ မေတ္တာနုဘာဝေန။ မေတ္တာရှိန်ခေါ်အာနုဘော်ကြောင့်။ လဒ္ဓလာဘာ၊ ရသင့်ရထိုက်သော လာဘ်လာဘတို့သည်။ မေ၊ ငါ့အား။ ဘဝန္တု၊ မတောင့်တမကြောင့်ကြရဘဲ ဖြစ်ပေါ်လာပါစေ သတည်း။

လဒ္ဓဘောဂါ၊ ခံစားသင့်ခံစားထိုက်သော စည်းစိမ်ဟူသမျှ တို့သည်။ မေ၊ ငါ့အား။ ဘဝန္တု၊ အလိုအလျောက်ပေါ်ပေါက် လာကြပါစေသတည်း။ လဒ္ဓသုခါ၊ ခံစားရအောင် ခံစားစံစားထိုက် သော ချမ်းသာသုခမှန်သမျှတို့သည်။ မေ၊ ငါ့အား။ ဘဝန္တု၊ မတောင့်မတ မကြောင့်ကြရဘဲ အလိုအလျောက်ဖြစ်ပေါ်လာကြ ပါစေသတည်း။ လဒ္ဓဂုဏာ၊ ရသင့်ရထိုက်သော လောကီဂုဏ်သိန် အရှိန်အဝါတို့သည်။ မေ၊ ငါ့အား။ ဘဝန္တု၊ အလိုအလျောက် ရောက်လာ ရလာ ဖြစ်ပေါ်ကြပါစေသတည်း။

### ဂါထာရွတ်ဖတ်နည်း

ရှေးက (အသံထွက်ကို) အရင်ဖတ်ပြီး နောက်ကပါဠိကို အသံထွက်အတိုင်းဖတ်ပါ။

(၁) ဝတ်တမာနေစ–ဝတ္တမာနေစ ။

(၂) အိဒံ–ဣဒံ။

(၃) ပုံည်-ပုည်။
(၄) ပုံညတေဇေန-ပုညတေဇေန ။
(၅) သတ်ဗဘယာ-သဗ္ဗဘယာ။
(၆) ဝိမုတ်စတု-ဝိမုစ္စတု။
(၇) လဒ်လောဘာ-လဒ္ဓလာဘာ။
(၈) ဘဝန်တု-ဘဝန္တု။

## မှာထားချက်

(၁)နံနက်အိပ်ရာကထလျှင် မြတ်စွာဘုရားထံမှာ တစ်နေ့ တစ်ကြိမ် သရဏဂုံ သီလခံယူဆောက်တည်ထားပါ။ သို့မှ ဂါထာရွတ်သောအခါ အကျိုးပေးထူးမည်။

(၂)မသိမလိမ္မာစဉ် ရှေးယခင်က မပြစ်မှားသင့် မပြစ်မှား ထိုက်သောသူတို့အပေါ်၌လည်းကောင်း၊ အားလုံးသော သတ္တဝါများ အပေါ်၌လည်းကောင်း၊ ပြစ်မှားမိသောအပြစ်များရှိလျှင် ကျေပ အောင် တောင်းပန်ဝန်ချကန်တော့ပါ။ မိမိအပေါ်၌ ပြစ်မှားထား သူများရှိလျှင်လည်း ချမ်းသာစွာနေရအောင်ခွင့်လွှတ်ပါ၏ဟု ကန်တော့ထားရမည်။ သို့မှသာ အကျိုးပေးမြန်မည်။

(၃)ဂါထာရွတ်ဖတ်ရာတွင် ပါဠိအသံထွက်မှန်မှ အဓိပ္ပါယ် မှန်မည်။ သို့မှသာ ရသင့်ရထိုက်သော အကျိုးကုန်စင်အောင်ရမည်။

(၄)ရွတ်ဖတ်သည့်အခါ အနက်အဓိပ္ပါယ်သဘောကို အာရုံ ပြုပြီးရွတ်ဆိုနိုင်လျှင် သာ၍ကောင်းသည်။

(၅)ရွတ်ဖတ်သည့်အခါမှာ တွေးချင်တာတွေး၊ စိတ်ကူးချင်တာစိတ်ကူး၊ ကြံချင်တာကြံပြီးရွတ်ဖတ်နေ၍ အလိုရှိသောအကျိုးမပြီးနိုင်။

(၆) ၁၀ ရက်တစ်ကြိမ်၊ မိမိရွတ်လိုသောဂါထာကို (အမည်တပ်ပြီး)ပါဠိအနက်တစ်ခေါက် ပါဠိသက်သက်(၃)ခေါက် ရွတ်ဖတ်ပါမည်ဟု အဓိဋ္ဌာန်ထားပါ။

**စာရေးသူဝန်ခံချက်။** ။ အထက်ဖော်ပြပါ (၁)အောင်သိဒ္ဓိမင်္ဂလာဂါထာတော် (၂)အောင်သိဒ္ဓိမင်္ဂလာသစ္စာဂါထာတော် (၃) အောင်သိဒ္ဓိမင်္ဂလာမေတ္တာဂါထာ ဤဂါထာတော်(၃)ပုဒ်ကို ရန်ကုန်မြို့၊မအူကုန်း၊၁၃၃ လမ်း၊ အိမ်အမှတ်(၁၃)နေ၊ပြွန်တန်ဆာဆရာကြီးဦးသိန်းထွန်းထံမှ ရရှိပါသည်။

* * *

## ၂၃။ စစ်ထွက်ဂါထာ

**"တွံတေ၊ တွံတေ၊ တွံတေ၊ ဇလော၊ မဟာဇလော၊ ဏ္ဏတော သမ္ဗုဒ္ဓတေဇေန၊ အပက္ကမာဟိ၊ ဠွာနသော။"**

ဤဂါထာသည် ရှေးဝိဇ္ဇာရှစ်သောင်းဆရာကောင်းတို့ စီမံပြုလုပ်ခဲ့သောဂါထာ ဖြစ်သည်။ ထိုဂါထာကို ရအောင်ကျက်ပြီး သီချင်းဆိုသလိုဆိုနေလျှင်လည်း ရသည်။ ဤဂါထာသည် အလွန်တန်ခိုးကြီးသည်။ အိပ်နေစဉ် ထိုဂါထာကိုရွတ်ဆိုလျှင် တစ်အိမ်လုံးလုံသည်။ ဗုဒ္ဓမြတ်စွာဘုရားကို စိတ်ထဲကအာရုံရ၍ ထိုဂါထာကို ရွတ်ဆိုလျှင် အရှေ့၊ အနောက်၊ တောင်၊ မြောက် ခုနစ်အိမ်လုံ၏။

စစ်ထွက်ခါနီးတွင် ထိုဂါထာကို စစ်ထွက်ရာဖက်သို့ မျက်နှာမူပြီး ၃၇–အုပ်ရွတ်။ ဘေးရန်ခပ်သိမ်း၊ အန္တရာယ်ခပ်သိမ်းကင်းငြိမ်းအေး၏။

## ၂၈။ သွေးတိတ်မန်းဂါထာ

"အ၀ သုဿတု မေ သရီရေမံသမံသ လောဟိတံ"

(အနက်) မေ၊ ငါ၏။ သရီရေ၊ ခန္ဓာကိုယ်၌။ မံသလောဟိတံ၊ အသားအသွေးတို့သည်။ အ၀သုဿတု၊ ခန်းခြောက်ပါစေသတည်း။

(မဇ္ဈိမပဏ္ဏာသပါဠိတော်-၁၄၆)

(အမှာ) မိမိအတွက် ရွတ်ဆိုလိုက(မေ)။ သူတစ်ပါးအတွက် ရွတ်ဆိုလိုက (တေ)ဟုပြင်ရန်ဖြစ်၏။

အရေးကြုံ၍ သွေးမတိတ်နိုင်ဖြစ်နေသည့်အခါ အထက်ပါ ပါဠိတော်ကို ယုံယုံကြည်ကြည်ဖြင့် သုံးကြိမ်တိတိမျက်စိမှိတ်၍ ရွတ်ဆိုပါ။ ချက်ခြင်း သွေးတိတ်သွားသည်ကို တွေ့ရမည်။ (ကိုယ်တွေ့)

* * *

## ၂၉။ သွေးတက်မန်းဂါထာ

**သမုဒ္ဒရာ၊ ရေသီတာတို့ စတုလောကပါလနတ်သားချသည် ဆင်းဆရာဆင်း၊ တက်ဆရာတက်၊ ပျောက်ဆရာပျောက်။**

သွေးတက်နေသောသူကို ဦးခေါင်းကခုနစ်အုပ်မန်း၊ ကျသည်။ ရေကို ၃၇-အုပ်မန်း၍လည်း တိုက်နိုင်၏။

## ၃၁။ ကုန်စုံသောဂါထာ

**သူရိယာနေမင်း၊ စန္ဒာချဉ်း၊ လမင်းသူရိယာ၊ ဝင်ဆရာဝင်။**

ထိုဂါထာနှင့်ရေကို ၃၇ အုပ်စုပ်၍ ကုန်များကိုပက်၊ ကုန်များအမြန်ထွက်၏။

*　　*　　*

## ၃၁။ ဝိဇ္ဇာချစ်သောဂါထာ

**အရဟံ မေ သြော်င်း နမောဗုဒ္ဓသသ။**

**အရဟံ မေ သြော်င်း နမောဓမ္မသသ။**

**အရဟံ မေ သြော်င်း နမောသံဃသသ။**

ဤဂါထာကိုရွတ်။ ထက်ကောင်းကင်မှပျံသန်းသွားလာနေသော ဝိဇ္ဇာဓိုရ်ဇော်ဂျီများပျံသန်းသွားရင်း ကြုံကြိုက်၍ကြားမိလျှင် မိမိကိုကောင်းချီးပေးပြီး ကူညီစောင်မ၏။

*　　*　　*

## ၃၂။ ဝိဇ္ဇာစေါ်ကဂါထာ

**သုတော သုဂတတာနံ၊**

**သုဂတော သုန္ဒရမ္ပိစ၊**

**နိဗ္ဗာနံ သုဂတော ယာတိ၊**

**သုဂတောတေ နမောနမာ။**

(အနက်) သုဂတာနံ၊ ကောင်းသောစကားကိုဆိုတော်မူတတ်သောကြောင့်။ သုဂတော–သုဂတမည်တော်မူပါပေသည်။ သုန္ဒရမ္ပိစ–ကောင်းသောသဘောရှိသောကြောင့်လည်း။ သုဂတော–သုဂတမည်တော်မူပါပေသည်။ နိဗ္ဗာနံ၊ နိဗ္ဗာန်အမြတ် ကောင်းသောအရပ်သို့။ ယာတိ၊ သွား၊တော်မူတတ်သောကြောင့်လည်း။ သုဂတော–သုဂတမည်တာ်မူပါပေသည်။ သုဂတော–သွာဂတဂုဏ်ရှင်မြတ်ဘုရားသခင်။ တေ၊ ရှင်တော်မြတ်ဘုရားအား။ နမောနမာ၊ လွန်ကဲထူးစွာရှိခိုးပါ၏ဘုရား။

ဤဂါထာကို နေ့စဉ်သက်စေ့အခေါက်ရေ ရွတ်ဆိုပါ။ မိမိနှင့်ဘဝအကြောင်း ပဋ္ဌာန်းဆက်ရှိသောဝိဇ္ဇာသည် တစ်နေ့နေ့တွင် လာရောက်ပြီးတွေ့ဆုံကာ မိမိလိုအပ်သည့်သိဒ္ဓိများကို လာရောက်၍ပေးတတ်၏။

* * *

## ၃၃။ လာဘာသိဒ္ဓိဂါထာ

**အတ္တဓမ္မ သမ္ဘိဒါ စ၊**
**နိရုတ္တိ ပဋိဘာဏကာ။**
**စတုသမ္ဘိဒ ပတ္တာနံ ။**
**အဂ္ဂပတ္တံ ဇိနံ နမေ။**

(အနက်) အတ္တဓမ္မသိဒ္ဓိဒါစ–အတ္တပဋိသမ္ဘိဒါ ဓမ္မပဋိသမ္ဘိဒါ တို့သည်လည်းကောင်း။ နိရုတ္တိပဋိဘာဏာစနိရုတ္တိ သမ္ဘိစတုသမ္ဘိဒပတ္တာနံ၊ ပဋိသမ္ဘိဒါလေးပါးသို့ရောက်တော်မူကုန်သော ပုဂ္ဂိုလ်တို့ထက်။ အဂ္ဂပတ္တံ၊ မြတ်သည်၏အဖြစ်သို့ရောက်တော်မူသော။ ဇိနံ၊အောင်ပွဲသခင်ဘုရားရှင်ကို။ အဟံ၊ အောင်ပွဲကိုမျှော် တပည့်တော်သည်။ နမေ၊ရှိသေမြတ်နိုးလက်စုံမိုး၍ ရှိခိုးပါဘုရား။

ထိုဂါထာကို မိမိနေအိမ်ရှိဘုရားရှေ့တွင် နေ့စဉ်နံနက် (၉)ခေါက်၊ည(၉)ခေါက်တိတိ ရွတ်ဆိုပူဇော်ပါ။ မိမိတွင် လိုအပ်နေသော လာဘ်လာဘများပြီး ပြည့်စုံလာမည်ဖြစ်၏။

## ၃၄၊ ဒုဋ္ဌဂါမဏိဂါထာတော်

ဗုဒ္ဓေါတိလောက သရဏော
ဗုဒ္ဓေါ သူရိယော တမောနုဒေါ၊
ဂစ္ဆတော သရဏံခေမံ၊
ဗုဒ္ဓေါမေ သရဏံဝရံ။

(နိဿယ)။ ။ ဗုဒ္ဓေါ၊ မြတ်စွာဘုရားသည်။ တိလောက သရဏော၊ လောကသုံးပါး၏။ ကိုးကွယ်ရာဖြစ်တော်မူ၏။ ဗုဒ္ဓေါသူရိယော၊ ဘုရားတည်းဟူသောနေမင်းသည်။ တမော-နုဒေါ၊ အမိုက်မှောင်အဝိဇ္ဇာကို ပယ်ဖျောက်တော်မူတတ်၏။ ဂစ္ဆတော၊ သွားနေဆဲဖြစ်သောအကျွန်ုပ်၏။ ခေမံ၊ ဘေးရန်မသိမ်းအေးချမ်းသော။ သရဏံ၊ ကိုးကွယ်ရာဖြစ်တော်မူပါပေ၏။ ဗုဒ္ဓေါ၊ မြတ်စွာဘုရားသည်။ မေ၊ အကျွန်ုပ်၏။ ဝရံ၊ မြတ်သော။ သရဏံ၊ ကိုးကွယ်ရာဖြစ်တော်မူပါပေ၏။

ဤဂါထာတော်ကို နေ့စဉ်နေ့တိုင်း ရွတ်ဆိုပွားများ၍ အလေ့အကျင့်များလာသောအခါ သမာဓိအားကောင်းပြီး မိမိလိုအပ်သည့် လောကီအကျိုးနှင့်လောကုတ္တရာအကျိုးတို့ကို ရရှိနိုင်မည်မှာ အမှန်ပင်ဖြစ်၏။

*　*　*

## ၃၅။ နမောင်းချက်စီးပွားတက်ဂါထာ

နမောင်းချက်စီးပွားတက်ဂါထာကို မရွတ်ဆိုခင် ဦးစွာ ပထမ သရဏဂုံသုံးပါးကို ရွတ်ဆိုပူဇော်ပါ။

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊

ဓမ္မံ သရဏံ ဂစ္ဆာမိ၊

သံဃံ သရဏံ ဂစ္ဆာမိ။

(၁) နမော တဿ၊

(၂) နမော တဿ ဘဂဝတော၊

(၃) နမော တဿ အရဟတော၊

(၄) နမော တဿ သမ္မာသမ္ဗုဒ္ဓဿ၊

(၅) နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ဤနမောင်းချက်စီးပွားတက်ဂါထာကို တစ်နေ့ကိုးခေါက်၊ ကိုးရက်တိတိအဓိဋ္ဌာန်ပြု၍ ရွတ်ဆို (သို့မဟုတ်) ပုတီးစိပ်လျှင် သိသာစွာစီးပွားတိုး၍ အကျိုးများမည်ဖြစ်၏။

* * *

## ၃၆။ အန္တရာယ်ကိုကာကွယ်နိုင်သော သီရသွိဂါထာတော်ကြီး

၁။ သီရသ္မိံ မေ ဗုဒ္ဓသေဋ္ဌော၊
သာရိပုတ္တော စ ဒက္ခိဏော၊
ဝါမအံသေ မောဂ္ဂလာနော စ၊
ပုရတော ပိဋကတ္တယံ။

၂။ ပစ္ဆိမေ မမ အာနန္ဒော။
စတုဒ္ဒိသာ ခိဏာသဝါ။
သမ္ဗုဒ္ဓါ လောကပါလာ စ။
ဣန္ဒြာဒေဝါသဗြဟ္မကာ။

၃။ တေသံ အာနုဘာဝေန၊
သဗ္ဗာဘယံ ဥပဒ္ဒဝေ၊
အနေက အန္တရာယာပိ၊
ဝိနဿန္တု အသေသတော။

အိပ်ရာဝင်၊ အိပ်ရာထ (၃)ခေါက်ရွတ်ပါ။ ခရီးသွားလျှင် (၉)ခေါက်ရွတ်ပါ။ ရတ်တရက် ဘေးဒုက္ခတွေ့ကြုံလေသော် (၁၀)ခေါက်ရွတ်ပါ။ မီးဘေးကြုံတွေ့သော် (၁၁)ခေါက်ရွတ်ပါ။ တကယ်ယုံယုံကြည်ကြည်အဓိဋ္ဌာန်ဖြင့်ရွတ်ဆိုလျှင် ဘေးအန္တရာယ် အမျိုးမျိုးတို့ကို ကာကွယ်၏။

## ၃၇။ မီးကွင်း၊ မီးကင်းမန္တန်တော်ကြီး

### တေဇောဓာတ်မန္တန်

တွဲတေ တွဲတေ မဟာတွဲတေ တွဲတေဈာလော တောဈာလော
ဏ္ဍတော သမ္ဗုဒ္ဓတေဇေန၊ အပတ္တမာဟိဠာနတော။

### ဝါယောဓာတ်မန္တန်

တွဲဝေ တွဲဝေ မဟာတွဲဝေ တွဲဝေဇဝေါ မဟာဇဝေါ။
ဏ္ဍတော သမ္ဗုဒ္ဓတေဇေန၊ အပတ္တမာဟိဠာနတော။

### အာပေါဓာတ်မန္တန်

တွဲပေ တွဲပေ မဟာတွဲပေ တွဲပေညဈော မဟာညဈော။
ဏ္ဍတော သမ္ဗုဒ္ဓတေဇေန၊ အပ္ပတ္တမာဟိဠာနတော။

တကယ်ကိုယ်တွေ့ မီးကင်းခြင်း၊ အန္တရာယ်အမျိုးမျိုးကင်းခြင်းများကို ဒုတိယကမ္ဘာစစ်ကြီးအတွင်းက တွေ့ကြုံခဲ့ရပုံများကို အနည်းငယ်ဖော်ပြပါမည်။

ဤမန္တန်တော်ကြီးများကို လှည်း၊ လှေစသည်များ၌ မြင့်သောနေရာ၊ လှည်းဦး၊ လှေဦးများတွင် ဆွဲထားပါ။ စက်သေနတ်ဘေး၊ ဓားပြဘေးစသော အန္တရာယ်ဘေးပေါင်းစုံတို့မှ လွတ်ကင်းခဲ့ဖူး၏။

ယုံကြည်အားထားလေးစားစွာဖြင့် ကျက်၍ရွတ်ဆိုပူဇော်ပါ။ အိမ်ရှိဘုရားစင်အမြင့်တွင် ရေးဆွဲပြီးထားပါ။ သို့မဟုတ် ကပ်ထား၍ပူဇော်ပါ။ မီးကပ်ဆိုးကြီးမှ ကင်းလွတ်ကြပြီး မီးဘေးအန္တရာယ်အမျိုးမျိုးတို့မှ ကာကွယ်သည်။ ယုံကြည်အားထားပါ။

အရပ်လေးမျက်နှာမှ အန္တရာယ် မီးလေရေတို့သည် မိမိနေထိုင်အိမ်ဂေဟာမှ အခြားသောအရပ်သို့ ဘုရားရှင်၏တန်ခိုးတေဇောအာနုဘော်တော်ကြောင့် ဖယ်ရှားကြကုန်လောဟုဆိုလို၏။

* * *

## ၃၈၊ ကပ်ကျော်အန္တရာယ်ကင်းမန္တန်ကြီး

ထိပ်မှာဘုရား၊ နားမှာဗြဟ္မာ၊ လည်မှာသိကြား၊ တင်ပါး ဘီလူး၊ ဒူးကခြင်္သေ့၊ ကိုယ်ကဂဠုန်၊ ခြေမှာနဂါး၊ အစောင့်ထားသည့်၊ ဘုရားမြတ်စွာ၊ မေတ္တယျာကို၊ အမှန်ကိုး ကွယ်ပါ၏ဘုရား။

ကောဏ္ဍသံဂုံ၊ ဂေါဏာဂုံ၊ ကဿပ၊ အရိမေတ္တယျ၊ သက် တော်ဝင်၊ ဖော်ဝင်ဈာန်ဝင်၊ မဟာဗိသရော၊ ဗောဓိနှစ်တန်၊ ဉာဏ်တော်ဆယ်ပါး၊ ဘုရား၊တရား၊သံဃာ၊အရေတော်ရွှေ အဆင်းအလား၊ ဦးခေါင်းတော်ကမြင်းမိုတောင်၊ မျက်လုံးတော် ကပုလဲရောင်၊ သွားတော်ကဝရဇိန်၊ လည်တော်ကသံချောင်း၊ မဏ္ဍိုတော်က ဗောဓိညောင်ဖြစ်သည်။

ဘုရားရှင်ပညာတော်နှင့် ထိုး၍မဝင်၊ ရိုက်၍မမြဲ၊ ဖမ်း၍မမိ၊ ပစ်၍မမှန်၊ ဦအရဟံ၊ စံဆရာခံ၊ နဘယံ ဘေးမရှိ၊ ဘေးဘယာ နမရှိ။

ဤကပ်ကျော်အန္တရာယ်ကင်း မန္တန်တော်ကြီးမှာ ရန် အန္တရာယ်နှင့်ရင်ဆိုင်တွေ့ကြုံနေချိန် သို့မဟုတ် တွေ့ဆုံလတ္တံ့ သောအချိန်တွင် ရွတ်ဆိုဟိန်းရသော မန္တန်ကြီးဖြစ်သည်။ ရှေး ဆရာအစဉ်အဆက် အသုံးပြုခဲ့သောမန္တန်ကြီး ဖြစ်၏။

## ၃၉။ ဆင်းရဲဒုက္ခအတွင်းမှကယ်မသော မန္တန်တော်

(၁) ဗုဒ္ဓဂုဏောအနန္တော (၂) ဓမ္မဂုဏောအနန္တော (၃) သံဃဂုဏောအနန္တော (၄) မာတာပိတုဂုဏောအနန္တော (၅) အာစရိယဂုဏောအနန္တော (၆) အရဟံ (၇) အရဟံ (၈) အရဟံ (၉) အရဟံ (၁၀) အရဟံ (၁၁) အရဟံ (၁၂) အရဟံ (၁၃) အရဟံ (၁၄) အရဟံ (၁၅) အရဟံ (၁၆) အရဟံ (၁၇) အရဟံ (၁၈) အရဟံ (၁၉) အရဟံ (၂၀) အရဟံ (၂၁) အရဟံ (၂၂) အရဟံ (၂၃) အရဟံ (၂၄) အရဟံ (၂၅) အားလုံးသတ္တဝါ ချမ်းသာပါစေ (၂၆) အားလုံးသတ္တဝါချမ်းသာပါစေ (၂၇) အားလုံးသတ္တဝါချမ်းသာပါစေ။

ဤ(၂၇)ပိုဒ်ပါ မန္တန်တော်သည် ဆရာကြီးဦးဆန်းထွန်း (မန်းတက္ကသိုလ်)အား နွားထိုးကြီးမြို့ ဘုန်းတော်ကြီးတစ်ပါး ဈာပနပွဲသို့လိုက်ပါ၍ရွတ်ဆိုရန် ဆိုင်ရာပုဂ္ဂိုလ်များကခေါ်သဖြင့် လိုက်သွားစဉ် ပျံလွန်တော်မူသည့် ဘုန်းတော်ကြီးက ဆရာကြီး ဦးဆန်းထွန်းအား ကြိုတင်၍ရေးပေးခဲ့သော မန္တန်တော်ဖြစ်သည်။ ယင်းဘုန်းတော်ကြီးသည် ထွက်ရပ်ပေါက်ဆရာတော်တစ်ပါးဟု အများကယုံကြည်ကြသည်။ ထိုမန္တန်တော်သည် တစ်နေ့လျှင် သုံးကြိမ်လောက်ရွတ်ဆိုနိုင်လျှင် ဆရာတော်၏ အလိုအတိုင်းဆိုလျှင် တစ်နေ့သုံးကြိမ်ရွတ်ဆိုပူဇော်လျှင် ကိစ္စပြီးသည်ဟုဆို၏။

ထိုမန္တန်တော်ကြောင့် ဆရာကြီးဦးဆန်းထွန်း (မန်း

တက္ကသိုလ်) သည် ဒုက္ခမျိုးစုံ၊ ဆင်းရဲခြင်းမျိုးစုံက လွတ်မြောက်ခဲ့ပြီး သုခချမ်းသာဘဝကို ရရှိခဲ့၏။

သိဒ္ဓိရှင်တွေ မန္တန်များကိုရွတ်ဆိုလျှင်သော်လည်းကောင်း ပုတီးစိပ်လျှင်သော်လည်းကောင်း ယုံကြည်စွဲမြဲပြီး ထုံလာအောင် ကျင့်ကြံအားထုတ်ပါ။ ကိုယ်ကမြဲသင့်သောသီလနှင့်စရဏ မှန်မှန်လုပ်ဆောင်လျှင် အပြစ်မရှိ၊ ဖွဲလုံ့လဝီရိယရှိရှိနှင့်သာ လုပ်ပါ။ တကယ်လုပ်လျှင် အဟုတ်ဖြစ်၏။

* * *

၄၀၊ ရသေ့ဦးအောင်မန္တန်

"ဝရဗုဒ္ဓေါ ဝရဓမ္မော
ဝရသံဃော ဝရီသာရော
ဝရစေတော ဝရံဒေတု
ဝရေဟိမေ ဝရံဝရ။"

(လောကသိဒ္ဓိနှင့်ပတ်သက်၍ အလုံးစုံပြီးစီးအောင်မြင်သော မန္တန်ဖြစ်၏။)

* * *

## ၄၁။ သံသိပ္ပရေသေ့မန္တန်

"ကေ စိတ္တံ ဝိစိန္တတွာ
ကေ ဓမ္မံ သုနိသာတိ
ကေ တော သေမော လောကေ
ကေရာဇာတိပါကဇ္ဇော သေတိ သမ္ဗာသမ္ဗုဒ္ဓံ
သေတိ ဓမ္မ မုတ္တမံ သေတိ မဂ္ဂမုဂ္ဂယု
သေတိ ပန တေနမော။

(ဘေးအန္တရာယ်အသွယ်သွယ်နှင့် အခက်အခဲအကျပ်အတည်းဟူသမျှ လွတ်မြောက်နိုင်သောမန္တန်ဖြစ်၏။)

## ၄၂။ ယက္ကန်းစင်တောင်ဆရာတော်မန္တန်

"စ ဓ ဗ ဝ မဟာသိဒ္ဓိ"

(ဓာတ်သိဒ္ဓိ၊ နတ်သိဒ္ဓိ၊ ဝိဇ္ဇာသိဒ္ဓိအပေါင်းတို့ ပြီးစီးအောင်မြင်စေသောမန္တန်ဖြစ်၏)

## ၄၃။ ရှင်မထီးဆရာတော်မန္တန်

"အာသောမာဝ မဟာသိဒ္ဓိ"

(ရွှေငွေရတနာနှင့်ပတ်သက်သော သိဒ္ဓိအဝဝ ပြီးပြည့်စုံရစေ၊ အောင်စေသော မန္တန်ဖြစ်၏။)

## ၄၄၊ ပထမံဆရာအောင်မန္တန်

"ဉာသွ သုနိသံ ဥုံမပဟာသိဒ္ဓိ"

(သိဒ္ဓိအဝဝ ပြီးပြည့်စုံအောင်မြင်စေသော မန္တန်ဖြစ်၏။)

* * *

## ၄၅၊ ရသေ့ကြီးဦးရွှန်မန္တန်

တုံမေ စိတ္တဲ့စကာရောစ သဗ္ဗဒေဝါ၊ မနသာစ သိတံ ဥဒကံ ဉာဥ္စိတံ ပတ္တိတံ ယောဗ္ဗုမြေ မေတ္တံ။

(လူအပေါင်း၊ နတ်အပေါင်းကချစ်စေပြီး မိမိ၏ လိုအင်ဆန္ဒ အဝဝကို ပြီးပြည့်စုံအောင် ပြုလုပ်စေသောမန္တန်ဖြစ်၏။)

* * *

## ၄၆၊ အောင်ဘိုးဝိဇ္ဇာမန္တန်

"ဉာဥ္စိတံ စယိတ္တာ လောကာသိပ္ပံ မနသာစ သတ္တဝါ
ဒေဝါစ ဗြဟ္မာ မေတ္တာကံ သုစိ ယောဗ္ဗုမြေ မေတ္တံ"

(အတတ်ပညာဟူသမျှကို နတ်တို့၏ကူညီစောင်မမှုဖြင့် ပြီးပြည့်စုံအောင်မြင်စေသော မန္တန်ဖြစ်၏။)

* * *

## ၄၇။ အဘာရစ်တီးမန္တန်

"ပီယဒဿသော ဥါဇုဒ္ဓရက္ခ ဥါသာသနဓမ္မ
ဘဒ္ဒဝါတ္တော ကိုယ်လုံးရှိုစေသော"

(ပီယ၊ကာယနှစ်ခုစလုံးကို ပြည့်စုံအောင်မြင်စေသော မန္တန်ဖြစ်၏။)

## ၄၈။ ကေလာသ ဘုရသေ့မန္တန်

*ဗုဒ္ဓေါ မေနာထော
ဓမ္မော မေနာထော
သံဃော မေနာထော
*နမောတေ ဝိစေတု ဇတုမေ
ဇယတော ဒဒတောဒယံ
နန္ဒထမ္ဘုံ သဗ္ဗအန္တုံ ကရမေ ဇေယျမင်္ဂလံ
*ဣတိပိ ဗုဒ္ဓေါ
ဣတိပိ ဓမ္မော
ဣတိပိ သံဃော။

(လောကီလောကုတ် နှစ်ဖြာအကျိုးကိုရစေသော မန္တန်ဖြစ်၏။)

*    *    *

၄၉။ ပထမံဆရာကြီးဘိုးဘိုးအောင်မန္တန်

"ဗုဒ္ဓစက္ကုသဗ္ဗညု
ဓမ္မစက္ကုဗောဓိသမ္ဗလာ
သံဃစက္ကုဇေယျမင်္ဂလံ
ဩြောင်း ဂုရုဂုရု မုနိသွားဟ။ ။"

(နံနက်၊ ည(၂)ကြိမ် တစ်ကြိမ်(၉)ခေါက် ရွတ်ဆိုပူဇော်ပါ။ရန် အပေါင်းနှင့်ဂြိုဟ်စီးဂြိုဟ်နင်းမှလွတ်၍ ကိုယ်စိတ်ချမ်းသာနိုင်၏။)

၅၀။ ဘုန်းဘုရားကြီးဦးပေါက်ဆိတ်(ခေါ်)
ဦးဝိဇ္ဇာရေ မန္တန်

"အရဟံ၊ ဗုဒ္ဓေါ၊ ဓမ္မော၊ သံဃော"

(လောကီကိစ္စပြီးမြောက်၍ ကိုယ်စိတ်ချမ်းသာသော မန္တန် ဖြစ်၏။)

၅၁။ ဗားမဲ့ဆရာတော်ကြီးမန္တန်

"သိဒ္ဓိတေဇာ သိဒ္ဓိဝရာ သိဒ္ဓိဇေယျာ
သိဒ္ဓိကမ္မံ သဗ္ဗာပူဇာ လာဘဝရာ
သဗ္ဗပီယံ ဘဝန္တုပုံ။"

(လောကီကိစ္စအဝဝ ပြီးမြောက်စေသောမန္တန် ဖြစ်၏။)

၅၂။ တောင်သုံးလုံးသာသနာပြုအဘိုးသံ မန္တန်
" အရဟံ သိဒ္ဓိ၊ သိဒ္ဓိ အရဟံ။"
(လိုအင်ဆန္ဒအဝဝ ပြီးမြောက်စေ၍ သိဒ္ဓိအဖုံဖုံ ပြီးစေ၏။)

၅၃။ ဘိုးတော်အောင်မင်းခေါင် မန္တန်
"အရဟံ သိဒ္ဓိ"
(လောကီသိဒ္ဓိအဝဝ ပြီးမြောက်စေ၏။)

၅၄။ ဘိုးတော်အောင်မင်းခေါင်၏ အဟိန်း မန္တန်
"အောင်ထူးဆန်း၊ မှန်းသိက်ဝင်၊ ထင်ကျော်သောင်း၊ ဆောင်းထီးဖြူ၊ လူ့ထိပ်မိုး၊ ဟိုးဟိုးကျော်၊ ကျော်ဝန်းတက်၊ ဘက်မရှောင်၊ ခေါင်ဘုန်းကြီး၊ ထီးရွှေနန်း၊ မှန်းအိန္ဒြရာဇာ၊ ငါတို့မှန်း၊ တရာတစ်ပါး၊ လူမျိုးခြားတို့၊ တော်ရာနှိမ်နင်း၊ စောရန်စွင်း၍၊ မငြင်းမဆန်၊ မစံမဝံ့၊ လွန်ကြောက်ရွံ့၍၊ တစ်ပြည်လုံး၊ တစ်နိုင်ငံလုံး၊ တစ်မြို့လုံး၊ တစ်ရွာလုံး၊ တစ်မိသားလုံး၊ တစ်သာသနာလုံး၊ အောင်စေသော်....အောင်စေသော်........ အောင်ကြပါစေသော်........"

(ဘေးအန္တရာယ်အသွယ်သွယ်နှင့် အတိုက်အခိုက်ဟူသမျှတို့ကိုအောင်နိုင်စေပြီး တစ်နေ့လျှင်လေးခေါက်တိတိ ရွတ်ဆိုပူဇော်လျှင် သိဒ္ဓိတန်ခိုး၊မဟိဒ္ဓိတန်ခိုးများရရှိစေသော အဟိန်းမန္တန်ဖြစ်၏။)

### ၅၅။ ဘိုးတော်အောင်မင်းခေါင်၏ ပုတီးစိပ်မန္တန်

"ဗုဒ္ဓဂုဏော ဓမ္မဂုဏော သံဃဂုဏော မာတာပိတုဂုဏော အာစရိယဂုဏော အနွိတံ ပဏ္ဍိတံ တုံယုံ ခိပ္ပမေဝသမိဇ္ဈန္တု သဗ္ဗေ ပုရိန္တုသစံပေါ စန္ဒော ပန္တ္တသော မဏိဇောတ ရသောရထံ ဗုဒ္ဓံ သရဏံဂစ္ဆာမိ ဓမ္မံသရဏံဂစ္ဆာမိ သံဃံသရဏံဂစ္ဆာမိ။"

(တစ်ပိုဒ်ဆုံး တစ်လုံးချ၍ ပုတီးပတ်ရေနှင့်စိပ်ပါ။ လောကီသိဒ္ဓိအ၀၀ ပြီးပြည့်စုံစေ၏။)

*    *    *

### ၅၆။ သူရဿတီနတ်ဒေဝီ မန္တန်

"ပိဋကတ္တယ သမ္ဘူတ္တံ၊
သဗ္ဗသိဒ္ဓိ သုခါ၀ဟံ။
ဇိဝှဂ္ဂေ မေနိသီဒိတွာ၊
မံပါလေတု သူရဿတီ။"

(အသိပညာ၊ အတတ်ပညာနှင့် ကျက်သရေမင်္ဂလာအပေါင်းနှင့်ပြည့်စုံစေပြီး လာဘ်လာဘရွှင်လန်းကာ အကြံအစည်၊ အလုပ်အကိုင်တို့အောင်မြင်ပြီး လူချစ်လူခင်များပြားစေတတ်၏။)

*    *    *

## ၅၄။ ဒွတ္တပေါင်မင်းကြီးမန္တန်

"ဝတေ ဝတေ သာဝတေ အံသုဝတေ ဓါမတေ
ဏ္ဍလံတေ အံတေတတေ"

(ရန်ဟူသမျှ အောင်နိုင်သောမန္တန်ဖြစ်၏။)

* * *

## ၅၅။ အစနော်ရထာမင်းကြီးမန္တန်

"အနန္တဂုဏာ သမ္ဗုန္ဓံ။
နဝဂုဏောဟိ မုတ္တမံ။
သဗ္ဗညု ဗုဒ္ဓစေတီယံ။
အဟံဝန္ဒာမိ သဗ္ဗဒါ။"

(အမြဲမပြတ်ရွတ်ဆိုသရစ္ဆာယ်နေလျှင် အသက်ရှည်ခြင်း၊ ဘေးရန်ကင်းခြင်း၊ လာဘ် လာဘရွှင်လန်းခြင်းစသော အကျိုးတရားတို့ကို ခံစားရမည်ဖြစ်၏။)

* * *

## ၅၉။ ရှင်စောပုဘုရင်မကြီး မန္တန်

"မဏိမေခလာ ဥဒကေ
ကာနနေဗဟုသုန္ဒြိ၊ ဘာသနေသု သူရဿတိ
ကိစ္စကိစ္စေ သုဝါသဝေါရတ္တံတကာလေ စန္ဒိမာ
ဒိဝါကာလမ္ပိ ဘာဏုမာ လောကပါလာတု
နိဒ္ဒါရံ အစ္စောကာသေသဟံပတိ။

(ဘုန်းတန်ခိုးကြီး၍ ကိစ္စကြီးငယ်ဟူသမျှကို အောင်မြင်ပြီးစီးသည့်မန္တန် ဖြစ်၏။)

## ၆၀။ ဦးအောင်ဇေယျမန္တန်

"သိရိလောကေ ဩောင်း နမောဗုဒ္ဓါဘဂဝါသွားဟ"

(ရန်ဟူသမျှ ပြီးစီးအောင်မြင်ကြောင်း မန္တန်ဖြစ်၏။)

* * *

## ၆၁။ ပုဏ္ဏကနတ်ဘီလူး အဟိန်းမန္တန်

"ပုဏ္ဏကောဟံ ရက္ခောရာဇာ၊ ငါရာဇာကွ"

(လူခြင်းဆိုင်၊အမှုခြင်းပြိုင်လျှင် အောင်နိုင်စေသော အဟိန်းမန္တန်ဖြစ်၏။)

* * *

## ၆၂။ ပထဝီဇယမန္တန် (၁၄) ဂါထာ

၁။ သြီ ပထဝီဇယသဗ္ဗံ၊ အနေကအန္တရာယိကံ။
ဇယံပစ္စေက ဗုဒ္ဓါစ၊ ဇယံပရိမဟေသယော။

၂။ ဇယံဟာရော ဟာရိဒေဝေါ၊ ဇယံ ဗြဟ္မာစတေရဇ္ဇော။
ဇယံနာဂေါစ ဝိရူဠှော၊ ဝိရူပက္ခောစန္ဒိမာ။

၃။ ဝိရူဠှောစေနတေယျောစ၊ ကုဝေရော ဝရုဏောပိစ။
အဂ္ဂိဝါရုဏော ပဇ္ဇုန္နော၊ ကုမာရော စတုပါလကော။

၄။ အဋ္ဌာရသ မဟာဒေဝါ၊ သုစိတာစ ပသိဒ္ဓိယော။
အသီတိ မဟာသာဝကာ၊ သဗ္ဗံဇယံ ဒဒန္တု မေ။

၅။ ဇယော ဓမ္မောစသံဃောစ၊ ဒသဗလောစ ဇေယျကော။
ဇေတော သဗ္ဗဝဇ္ဇေန၊ ဇယာသုခါ ဘဝန္တုမေ။

၆။ နရာဒေဝါစ ဗြဟ္မာနော၊ ယက္ခာနာဂါစ ဂရုဠာ။
တေပိ ဒိသွာ ပိယာ မယှံ၊ ပုတ္တံမမေ ဝ သိနေဟာ။

၇။ ဗုဒ္ဓေါပစ္စေကဗုဒ္ဓါစ၊ အရဟာ အဂ္ဂသာဝကာ။
သဗ္ဗေကရောန္တု မေ မေတ္တံ၊ သဗ္ဗေတိဋ္ဌန္တု မင်္ဂလေ။

၈။ တေသံမေတ္တာနုဘာဝေန၊ သဗ္ဗေရောဂါသုသီတလာ။
သဗ္ဗေဘယာ ဝိနဿန္တု၊ သဗ္ဗေနဿန္တု ပဒ္ဒဝါ။

၉။ ဣမသ္မိံ စက္ကဝါဠေစ၊ ဗဟူအနန္တ ပါဏိနော။
အနန္တ စက္ကဝါဠေစ၊ ဗဟူအနန္တ ပါဏိနော။

၁၀။ ဣမေသတ္တာ အဝေရာစ၊ အညမညံ ပိယာဟောန္တု၊

ဣမေသတ္တာဝေရာစ၊ အညမညံ့ သုခါဟောန္တု။
၁၁။ နေရယိကာ တိရစ္ဆာနာ၊ ပေတာ အသုရကာ ယမာ။
ဣမေသဗ္ဗေယထာသတ္တာ၊ ဒုက္ခာမုစ္စန္တုတတ္တကာ။
၁၂။ ဒသကောဋိဒကဇာစ၊ ထလဇာ နဝကောဋိယော။
သံသေဒဇောပပါတိကာ၊ ဒီဃာယုကာ ဘဝန္တုတေ။
၁၃။ ဥဒ္ဓံယာဝ ဘဝဂ္ဂါစ၊ အဓောယာဝ အဝီစိတော။
သမန္တာ စက္ကဝါဠေသု၊ ယေ သတ္တာ ပထဝီစရာ။
၁၄။ အဗျာပဇ္ဇာ နိဝေရာစ၊ နိဒ္ဒုက္ခာစ နုပဒ္ဒဝါ။
သဗ္ဗေသတ္တာ အဝေရာစ၊ သဟာသဗ္ဗေဟိညတိတိ။

အကျိုးကား

၁။ အထူးအထူးအပြားပြား စီးပွားချမ်းသာကိုပြီးစေတတ်၏။
၂။ ရန်ဟူသမျှကို အထူးအောင်မြင်တော်မူတတ်၏။
၃။ ကိုယ်စိတ်နှစ်ဖြာချမ်းသာစေတတ်၏။
၄။ လူ၊နတ်၊ဗြဟ္မာ၊ဘီလူး၊နဂါး၊ဂဠုန်တို့သည်လည်း မြင်သည်ရှိသော် ချစ်ခင်မြတ်နိုးကြကုန်၏။
၅။ အလုံးစုံသော ကိုးဆယ့်ခြောက်ဖြာ အနာရောဂါတို့သည် အလွန် ငြိမ်းအေးကြကုန်၏။
၆။ အသက်ရှည်ကြကုန်၏။
၇။ ဆင်းရဲဒုက္ခ၊ အပရန်၊အတွင်းရန် မရှိကြကုန်စေ၏။

## ၆၃။ သရဏဂုံ(၃၀) (၉၀)မန္တန်တော်ကြီး

ရှေးရှေးသော ဆရာ့ဆရာ သူတော်စင်မဟာဆရာကြီးများ စီရင်သည့် အန္တရာယ်ကင်းပြီး ကပ်ကြီး(၃)ပါးကျော်နင်း လာဘ် သပ္ပကာတိုးတက်ပွားများခြင်းစသည်များကိုပေးစွမ်းနိုင်၍ သူတော် ကောင်းတို့သိရှိပွားများ အကျိုးထူးတရားရစေနိုင်သော မန္တန်တော် ကြီးဖြစ်၏။

ဇာ,ဘော,ဇိ,ယာ,မ,မ,အ,အ,နိ,နိ။

ခေါင်းစဉ်(၁၀)ချက်အရ ပါဠိအနက်နှင့်ယခုဘဝရနိုင်သော အကျိုးအကျယ်များပါ အလွယ်တကူသိရန် အကုန်ဖော်၍ရေးလိုက် ပါအံ့။

(၁) ဇာတိပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
ဇာတိပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ။
ဇာတိပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ။
(၂) ဘောဂပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
ဘောဂပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ။
ဘောဂပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ။
(၃) ဇီဝိတပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
ဇီဝိတပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ။
ဇီဝိတပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ။
(၄) ယာဝဇီဝံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။

ယာဝဇီဝံ ဓမ္မံ သရဏံ ဂစ္ဆာမိ။
ယာဝဇီဝံ သံဃံ သရဏံ ဂစ္ဆာမိ။
(၅) မရဏပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
မရဏပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ။
မရဏပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ။
(၆) မရဏကာလပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
မရဏကာလပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ။
မရဏကာလပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ။
(၇) အရဟတ္တမဂ္ဂပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
အရဟတ္တမဂ္ဂပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ။
အရဟတ္တမဂ္ဂပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ။
(၈) အရဟတ္တမဂ္ဂ ကာလပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
အရဟတ္တမဂ္ဂ လောကပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ။
အရဟတ္တမဂ္ဂ လောကပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ။
(၉) နိဗ္ဗာနပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
နိဗ္ဗာနပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ။
နိဗ္ဗာနပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ။
(၁၀) နိဗ္ဗာနကာလပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
နိဗ္ဗာနကာလပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ။
နိဗ္ဗာနကာလပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ။

**သတိပေးချက်။** ။ နံပါတ်ချင်းတိုက်ဆိုင်၍ ပါဠိအနက်ကို ကြည့်ပါ၊ ကျက်ပါ၊ မှတ်ပါ။

**အနက်ကား**

(၁)ဇာတိပရိယန္တံ၊ ဇာတိပဋိသန္ဓေကုန်ဆုံးသည်တိုင်အောင်။ ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။

ဇာတိပရိယန္တံ၊ ဇာတိပဋိသန္ဓေကုန်ဆုံးသည်တိုင်အောင်။ ဓမ္မံ၊ တရားတော်မြတ်ကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။

ဇာတိပရိယန္တံ၊ ဇာတိပဋိသန္ဓေကုန်ဆုံးသည်တိုင်အောင်။ သံဃံ၊ သံဃာတော်မြတ်ကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။

(၂)ဘောဂပရိယန္တံ၊ စည်းစိမ်ဥစ္စာကုန်ဆုံးသည်တိုင်အောင်။ ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။

ဘောဂပရိယန္တံ၊ စည်းစိမ်ဥစ္စာကုန်ဆုံးသည်တိုင်အောင်။ ဓမ္မံ၊ တရားတော်မြတ်ကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။

ဘောဂပရိယန္တံ၊ စည်းစိမ်ဥစ္စာကုန်ဆုံးသည်တိုင်အောင်။ သံဃံ၊ သံဃာတော်မြတ်ကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။

ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။

(၃)ဇီဝိတပရိယန္တံ၊ အသက်ကုန်ဆုံးသည်တိုင်အောင်။ ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။

ဇီဝိတပရိယန္တံ၊ အသက်ကုန်ဆုံးသည်တိုင်အောင်။ ဓမ္မံ၊ တရားတော်မြတ်ကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။

ဇီဝိတပရိယန္တံ၊ အသက်ကုန်ဆုံးသည်တိုင်အောင်။ သံဃံ၊ သံဃာတော်မြတ်ကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။

(၄)ယာဝဇီဝံ၊ အသက်ထက်ဆုံး။ ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။

ယာဝဇီဝံ၊ အသက်ထက်ဆုံး။ ဓမ္မံ၊ တရားတော်မြတ်ကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။

ယာဝဇီဝံ၊ အသက်ထက်ဆုံး။ သံဃံ၊ သံဃာတော်မြတ်ကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။

(၅)မရဏပရိယန္တံ၊ သေခါနီးတိုင်အောင်။ ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။

မရဏပရိယန္တံ၊ သေခါနီးတိုင်အောင်။ ဓမ္မံ၊ တရားတော်မြတ်ကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။

မရဏာပရိယန္တံ ၊ သေခါနီးတိုင်အောင်။ သံဃံ ၊ သံဃာတော်မြတ်ကို။ သရဏံ ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ ၊ ဆည်းကပ်ပါ၏ ။

(၆)မရဏကာလပရိယန္တံ ၊ သေသည့်ကာလတိုင်အောင်။ ဗုဒ္ဓံ ၊ မြတ်စွာဘုရားကို။ သရဏံ ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ ၊ ဆည်းကပ်ပါ၏ ။

မရဏကာလပရိယန္တံ ၊ သေသည့်ကာလတိုင်အောင်။ ဓမ္မံ ၊ တရားတော်မြတ်ကို။ သရဏံ ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ ၊ ဆည်းကပ်ပါ၏ ။

မရဏကာလပရိယန္တံ ၊ သေသည့်ကာလတိုင်အောင်။ သံဃံ ၊ သံဃာတော်မြတ်ကို။ သရဏံ ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ ၊ ဆည်းကပ်ပါ၏ ။

(၇)အရဟတ္တမဂ္ဂပရိယန္တံ ၊ အရဟတ္တမဂ်ရသည်တိုင်အောင်။ ဗုဒ္ဓံ ၊ မြတ်စွာဘုရားကို။ သရဏံ ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ ၊ ဆည်းကပ်ပါ၏ ။

အရဟတ္တမဂ္ဂပရိယန္တံ ၊ အရဟတ္တမဂ်ရသည်တိုင်အောင်။ ဓမ္မံ ၊ တရားတော်မြတ်ကို။ သရဏံ ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ ၊ ဆည်းကပ်ပါ၏ ။

အရဟတ္တမဂ္ဂပရိယန္တံ ၊ အရဟတ္တမဂ်ရသည်တိုင်အောင်။ သံဃံ ၊ သံဃာတော်မြတ်ကို။ သရဏံ ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ ၊ ဆည်းကပ်ပါ၏ ။

(၈)အရဟတ္တမဂ္ဂကာလပရိယန္တံ ၊ အရဟတ္တဖိုလ်ရသည်တိုင်အောင်။ ဗုဒ္ဓံ ၊ မြတ်စွာဘုရားကို။ သရဏံ ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ ၊ ဆည်းကပ်ပါ၏ ။

အရဟတ္တမဂ္ဂကာလပရိယန္တံ ၊ အရဟတ္တဖိုလ်ရသည်တိုင်အောင်။ ဓမ္မံ ၊ တရားတော်မြတ်ကို။ သရဏံ ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ ၊ ဆည်းကပ်ပါ၏ ။

အရဟတ္တမဂ္ဂကာလပရိယန္တံ ၊ အရဟတ္တဖိုလ်ရသည်တိုင်အောင်။ သံဃံ ၊ သံဃာတော်မြတ်ကို။ သရဏံ ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ ၊ ဆည်းကပ်ပါ၏ ။

(၉)နိဗ္ဗာနပရိယန္တံ ၊ ပရိနိဗ္ဗာန်ဝင်ခါနီးတိုင်အောင်။ ဗုဒ္ဓံ ၊ မြတ်စွာဘုရားကို။ သရဏံ ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ ၊ ဆည်းကပ်ပါ၏ ။

နိဗ္ဗာနပရိယန္တံ ၊ ပရိနိဗ္ဗာန်ဝင်ခါနီးတိုင်အောင်။ ဓမ္မံ ၊ တရားတော်မြတ်ကို။ သရဏံ ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ ၊ ဆည်းကပ်ပါ၏ ။

နိဗ္ဗာနပရိယန္တံ ၊ ပရိနိဗ္ဗာန်ဝင်ခါနီးတိုင်အောင်။ သံဃံ ၊ သံဃာတော်မြတ်ကို။ သရဏံ ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ ၊ ဆည်းကပ်ပါ၏ ။

(၁၀)နိဗ္ဗာနကာလပရိယန္တံ ၊ ပရိနိဗ္ဗာန်ဝင်စံသည့်တိုင်အောင်။ ဗုဒ္ဓံ ၊ မြင်ာ်စွာဘုရားကို။ သရဏံ ၊ ကို့ကွယ်ရာဟူ၍။ ဂစ္ဆာမိ ၊

ဆည်းကပ်ပါ၏။

နိဗ္ဗာနကာလပရိယန္တံ၊ ပရိနိဗ္ဗာန်ဝင်စံသည့်တိုင်အောင်။ ဓမ္မံ၊ တရားတော်မြတ်ကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။

နိဗ္ဗာနကာလပရိယန္တံ၊ ပရိနိဗ္ဗာန်ဝင်စံသည့်တိုင်အောင်။ သံဃံ၊ သံဃာတော်မြတ်ကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။

## ပုတီးစိပ်လိုသူအတွက် ပုတီးစိပ်ရန်

တစ်ပုဒ်လျှင် ဗုဒ္ဓံ၊ဓမ္မံ၊သံဃံပွား၍ သရဏဂုံ(၃၀)ဖြစ်သည်။ ပုတီးစိပ်သောအခါ ဗုဒ္ဓံတစ်လုံး၊ ဓမ္မံတစ်လုံး၊ သံဃံတစ်လုံး စိပ်ရန် (၁၀)ပုဒ်မှ (၃၀)ဖြစ်လာသည်။ သဒ္ဓါထက်သန်၍ ဒုတိယမ္ပိနှင့် (၃၀)။ တတိယမ္ပိနှင့်(၃၀)စိပ်သော် သရဏဂုံ(၉၀) ဖြစ်လာပြန်သည်။ ပုတီးစိပ်သောအခါ စိတ်ကိုတည်ကြည်စွာထား၍ ဂုဏ်တော်(၃)ပါး၏အနက်သဘောကို ဉာဏ်နှင့်သိ၍၊ကြည့်၍ စိပ်နိုင်ပါလျှင် အကျိုးထူးကြီးများကို အောက်ပါအတိုင်းရနိုင်ကြကုန်၏ဟု ယုံကြည်ရှိသေစွာ ပုတီးစိပ်လေ။

သရဏဂုံ၊ ကိုယ်လုံးခြုံ၊ အကုန်သိဒ္ဓိပေါက်။
သရဏဂုံ၊ ကိုယ်လုံးထုံ၊ အာရုံထင်နိမိတ်။
သရဏဂုံ၊ သုံးဆယ်စုံ (ဝါ) ကိုးဆယ်စုံ အကုန်ပုတီးစိပ်။
အန္တရာယ်ကင်း၊ ကပ်ကျော်နင်း၊ ပေါ်ခြင်းလာဘ်မဆိတ်။

**အကျိုးကား**

သရဏဂုံသုံးဆယ် (ဝါ) ကိုးဆယ်ဂါထာမန္တန်တော်ကြီး၏ အကျိုးကြီးပုံအကျယ်သိကြရန်ကား……

(၁) ဘုရားဂုဏ်တော်မြတ်ကို ထင်အောင် ဆင်ခြင်အောက်မေ့၍ သရဏဂုံမန္တန်တော်ကြီးကိုရွတ်ဆိုကြလျှင် ကြံတိုင်းအောင်၏။

(၂) ပြောသမျှ ပြီးစီး၏။

(၃) လူနတ်တို့ ချစ်ခင်၏။

(၄) ထမင်းခဲဘွယ်ဘောဇဉ်အစားအစာများကို မန်း၍စားလျှင် (၉၆)ပါးရောဂါဝေဒနာများ မဖြစ်နိုင်။ ဖြစ်နေလျှင်လည်း ပျောက်ကင်းချမ်းသာ၏။

(၅) မိမိနေထိုင်ရာအိမ်တွင် ဖြစ်စေ၊ ကျောင်းတွင်ဖြစ်စေ၊ သစ်ပင်တွင်ဖြစ်စေ၊ နေရင်းထိုင်ရင်း သွားရင်းလာရင်း စားရင်းသောက်ရင်း ဗုဒ္ဓဂုဏ်တော်မြတ်ကြီးကိုရွတ်ပွားကာနေကြလျှင်…… (သြော်)ငါသည် အဘိုးအနဂ္ဃထိုက်တန်လှသော ဂုဏ်တော်မြတ်ကြီးကို အာရုံစွဲစွဲနှင့်စိတ်ထဲ၊ဉာဏ်ထဲတွင် မြဲမြဲကြီးတွေ့ဆုံမိကြည်ညိုရပေပြီဟုပါရာ ယနပလ္လင်သုတ္တန်လာ ပိဂ်ိမထေရ်ကဲ့သို့ မှတ်ထင်ဝမ်းမြောက်ရမည်။ တကယ်တမ်း ယုံကြည်၍ ဂုဏ်တော်မြတ်ကြီးကို ရွတ်ဆိုပွားလတ်ဆည်းကပ်သူတို့မှာ ဆင်းရဲဒုက္ခနှင့်ရင်ဆိုင်မတွေ့ရဟုမှတ်၊ မကောင်းသောအနိဋ္ဌဘေးရန်အပေါင်း

တို့သည် မလာရောက်နိုင်သည့်ပြင် လောကဒ္ဓကျက်သရေမင်္ဂလာ ဥစ္စာစီးပွားအစားစား တိုးတက်၏၊

(၆) ဤသရဏဂုံ ၃၀ (ဝါ) ၉၀ ကို နှစ်နှစ်ကာကာယုံကြည်စွာနှင့် ရွတ်ဆိုပွားလတ် ကိုးကွယ်ဆည်းကပ်သူတို့သည် ဝိပတ္တိကပ်ဆိုးလည်းမတိုက်၊ ပျက်စီးခြင်း ဗျသနလည်းမဆိုက်။ ရန်သူလည်းမကပ်၊ ဗုဒ္ဓဓာတ်သရဏဂုံကိုယ်လုံးခြုံကြလျှင် လောကီဘုံဖြစ်ရာ ရတနာတွေလည်းပေါ၊ အသက်ရှည်၍ ရောဂါကင်း၊ သာသနာတော်မြတ်ကြီးကလည်း နေရောင်မကထွန်းတောက်ပြီးလင်းနိုင်ပါစေသတည်း။

* * * * *

## အခန်း(၃)

## မြင့်၊ အိပ်မက်ထဲကရသေ့ဂါထာ

တစ်နေ့သ၌ အကျွန်ုပ်သည် လသာမြို့နယ်၊ လသာလမ်းရှိ လူသွားလမ်းပလက်ဖောင်းပေါ်က လက်ဖက်ရည်ဆိုင်တစ်ဆိုင်တွင် လသာမြို့နယ်၊ အမှတ်(၈)ရပ်ကွက်၊ ရပ်ကွက်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ရုံးမှ စာရေးကြီးဦးရဲမြင့်နှင့်အတူ လသာမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာနမှ ဒုလဝကမှူးဦးမျိုးသွင်တို့ဖြင့် စကားလက်ဆုံကျနေမိ၏။

စာရေးကြီးဦးရဲမြင့်မှာ အကျွန်ုပ်နှင့်ခင်မင်ရင်းနှီးသော မိတ်ဟောင်း ဆွေဟောင်း ဓမ္မမိတ်ဆွေကောင်း(ပုတီးသမား)ဖြစ်နေ၍ ထူးထူးထွေထွေပြောစရာစကားမရှိသော်လည်း ဦးမျိုးသွင်နှင့်ပြောသောစကားများတွင် စိတ်ဝင်စားဖွယ်ရာအကြောင်းအရာများ ပါရှိသည်ကို သတိမူလိုက်မိ၏။

"ဆရာက ဂမ္ဘီရသိပ္ပ၊ ဝိဇ္ဇာဓရလောကီပညာရပ်များ အကြောင်းတွေကို ဆောင်းပါးရေးသားလာသူဆိုတော့ ကျွန်တော့်ဘဝမှာ ပုတီးနဲ့ပတ်သက်ပြီး ထူးခြားတဲ့အဖြစ်အပျက်ကြုံတွေ့ရတာကို ပြောပြချင်ပါတယ်"

"ပြောစမ်းပါဦးဗျာ ကြားစမ်းပါရစေ"

"၁၉၈၁ ခုနှစ်မှာ ကျွန်တော်အိမ်ဆောက်တယ်။ ကျွန်တော့် အိမ်မြေကို ပန္နက်ရိုက်ပေးတဲ့အဘိုးကြီးက အရဟံ–သိဒ္ဓိ၊ သိဒ္ဓိ–

အရဟံဆိုပြီး ပုတီးတစ်လုံးချစိပ်ဖို့ တိုက်တွန်းပါတယ်။ ကျွန်တော်လည်း ဒီအချိန်ကစပြီး ၁၀၈ လုံးပုတီးတစ်ကုံးနဲ့ တစ်နေ့ ပုတီးကိုးပတ်မှန်မှန်ရအောင် စိပ်လာခဲ့ပါတယ်။

အဲဒီလို နေ့စဉ်ရက်ဆက် တစ်ရက်မပြတ် အရဟံသိဒ္ဓိ သဒ္ဓိအရဟံပုတီးစိပ်ကို မှန်မှန်စိပ်လာလိုက်တာ နှစ်အတော်လေး ကြာလာတော့ ကျွန်တော့်ဘဝမှာ မကြုံဖူးတဲ့ထူးခြားမှုလေးတွေကို တွေ့ကြုံခဲ့ရပါတယ်”

“ဘယ်လိုထူးခြားမှုလေးတွေလဲဗျာ”

“ကျွန်တော့်စိတ်အထင် အရဟံသိဒ္ဓိ သိဒ္ဓိအရဟံကို နေ့စဉ်မပြတ် ပုတီးစိပ်လိုက်တာ ငါးနှစ်ကျော်ကြာလာချိန်မှာ ပုတီးစိပ်နေတုန်း ကျွန်တော်စိတ်မကူးထားတဲ့လူတစ်ယောက်ရဲ့ရုပ်ပုံလွှာကို လာပေါ်တယ်ဆိုပါတော့။ ဒီလူကို နောက်တစ်နေ့မှာ အကြောင်းတစ်ခုခုနဲ့ ကျွန်တော့်ကိုလာပြီး တွေ့ဖြစ်အောင်ကို တွေ့တယ်။

အဲဒီလိုဖြစ်ပျက်တာကို တိုက်ဆိုင်တယ်လို့ပြောရအောင်ကလည်း တစ်ကြိမ်ထဲမဟုတ်ဘူး။ အကြိမ်ကြိမ်အခါခါမှန်နေလေတော့ ကျွန်တော့်ကိုယ်ကျွန်တော်တောင် အံ့သြနေမိပါတယ်။ နောက်တစ်ခုလည်း ရှိသေးတယ်”

“ဆိုစမ်းပါဦးဗျာ”

“တစ်နေ့မှာ ကျွန်တော်ဟာ မိတ်ဆွေတစ်ယောက်နဲ့အတူ

ရွှေတိဂုံစေတီတော်ကြီးကို တက်ရောက်ဖူးမြော်ပါတယ်။ ရွှေတိဂုံစေတီတော်ကြီးကိုရောက်တော့ ဘိုးတော်အောင်မင်းခေါင်ရုပ်တုရှေ့မှာ ကျွန်တော်ပုတီးသွားစိပ်နေပါတယ်။ ကျွန်တော့်မိတ်ဆွေကတော့ ဘုရားဝတ်ပြုပြီး ဘုရားရှေ့မှာ နှုတ်ပိတ်ကာထိုင်နေပါတယ်။

ကျွန်တော် ပုတီးစိပ်နေတဲ့အချိန်မှာ မိတ်ဆွေက ဓာရဏပရိတ်တော်ကိုရွတ်ဆိုနေတဲ့အသံကို နားထဲမှာကြားနေရပါတယ်။ ကျွန်တော် ပုတီးစိပ်ပြီးလို့ မိတ်ဆွေကိုမေးကြည့်တော့ သူ့စိတ်ထဲက ဓာရဏပရိတ်တော်ကိုရွတ်ဆိုပူဇော်နေတာကို ကျွန်တော်က ဘယ်လိုသိသလဲလို့ပြန်မေးပြီး အံ့သြလို့နေပါတယ်။

ဒီနောက်မှာတော့ ကျွန်တော်ဟာ မိမိရုံးမှာကြုံတွေ့ရမယ့် ဒုက္ခ သုက္ခတွေကို ကြိုတင်ပြီးသိမြင်လို့နေပါတယ်။ ကျွန်တော် ပုတီးစိပ်နေတုန်း စိတ်အာရုံထဲမှာမြင်တွေ့သိထားတဲ့အတိုင်း ကျွန်တော်အမှန်တကယ်ကို ဒုက္ခ သုက္ခတွေကို အမှန်တကယ်တွေ့ကြုံရပါတယ်။

ကျွန်တော်ဟာ မိမိကြုံတွေ့ရမယ့်ဒုက္ခ သုခကို ကြိုတင်ပြီးသိမြင်နေပေမယ့် ဒီဒုက္ခ သုက္ခတွေကလွတ်ကင်းအောင် မကာကွယ်နိုင်ပါဘူး။ ဒီတော့ ကျွန်တော်အတော့်ကိုစိတ်ညစ်လို့ နေပါတယ်”

ကျွန်တော်က စဉ်းစားလိုက်ပြီး......

“ဒီတော့ ဦးမျိုးသွင်က ဘယ်လိုလုပ်ပါသလဲ”

"ကျွန်တော်ဟာ မိမိတွေ့ကြုံရမယ့်ဒုက္ခသုက္ခတွေကို ကြိုတင်ပြီးသိမြင်နေပေမယ့် မကာကွယ်နိုင်လို့ စိတ်ညစ်နေတဲ့အချိန်မှာ တစ်ည ကျွန်တော်ဟာ ထူးထူးခြားခြားကို အိပ်မက်မြင်မက်ပါတယ်"

"ဘယ်လိုများ အိပ်မက်မြင်မက်ပါသလဲ"

"အိပ်မက်ထဲမှာ ပုဆိုးအကွက်၊ ပိတ်ဖြူအပေါ်အင်္ကျီနဲ့ အဘိုးကြီးတစ်ယောက်ဟာ သူ့ရဲ့ဘယ်လက်ကောက်ဝတ်မှာ စိပ်ပုတီးကြီးတစ်ကုံးကို ရစ်ပတ်ထားပြီး ကျွန်တော့်ကို အနားကပ်ကာပြသပါတယ်။

ကျွန်တော်ဟာ အဲဒီအဘိုးကြီးရဲ့မျက်နှာကို ကြည့်ပေမယ့် သဲသဲကွဲကွဲကိုမမြင်ရဘူး။ မှုန်ဝါးဝါးပဲမြင်တွေ့ရပါတယ်။ ဒီတော့ ကျွန်တော်လည်း လန့်ဖျပ်သွားပြီး ကျွန်တော့်ရဲ့နှုတ်က......

"သောဘဂဝါ ဣတိပိအရဟံ သမ္မာသမ္ဗုဒ္ဓေါ၊ ဝိဇ္ဇာစရဏ သမ္ပန္နော၊ သုဂတော၊ လောကဝိဒူ၊ အနုတ္တရောပုရိသဒမ္မသာရထိ၊ သတ္ထာဒေဝမနုဿာနံ ၊ ဗုဒ္ဓေါ၊ ဘဂဝါ"လို့ယောင်ရမ်းပြီးရွတ်ဆိုလိုက်တယ်ဆိုရင်ပဲ ကျွန်တော်တွေ့မြင်နေတဲ့အဘိုးကြီးဟာ ချက်ခြင်းပဲပျောက်ကွယ်လို့ သွားပါတော့တယ်။

ဒီအချိန်ကစပြီး ကျွန်တော်ဟာ အိပ်မက်ထဲမှာနှုတ်က ယောင်ရမ်းရွတ်ဆိုမိတဲ့ဂုဏ်တော်ကိုးပါးကိုပြောင်းပြီး ပုတီးစိပ်လာခဲ့တာ အခုအထိပါပဲ။ ကျွန်တော်ဟာ ဂုဏ်တော်ကိုးပါး

ကိုပြောင်းကာ ပုတီးစိပ်ခဲ့တဲ့အချိန်ကစပြီး ဘေးအန္တရာယ် ဒုက္ခသုက္ခတွေမှန်သမျှ အားလုံးကင်းရှင်းခဲ့ပါတယ်။

ဒါပေမယ့် ကျွန်တော်ဟာ မိမိကြုံတွေ့ရမယ့်ကိစ္စအဝဝကို ကြိုတင်သိမြင်နေတဲ့အာရုံဟာ မပေါ်လာတော့ဘူး။ အဲဒါ ဘာဖြစ်လို့လဲဆရာ”

ဦးမျိုးဆွင်က ထိုသို့ပြောလိုက်တော့မှ အကျွန်ုပ်အဖို့ တွေးတောစဉ်းစားစရာ ဖြစ်သွားတော့၏။

အကျွန်ုပ်က......

“ခင်ဗျားပြောပြတာဟာ သူတော်စင်ကြီးအဘိုးသံ ပြောသလိုဖြစ်နေပြီ”

“သူတော်စင်ကြီးအဘိုးသံက ဘယ်လိုများပြောလို့လဲဆရာ”

“ရန်ကုန်–ပဲခူးသွားတဲ့လမ်းမှာရှိတဲ့ တောင်သုံးလုံးကသာသနာပြုနေတဲ့ သူတော်စင်ကြီးအဘိုးသံနဲ့ ကျွန်တော်တွေ့တုန်းက......

“တချို့လူတွေဟာ သုံးနှစ်လောက်နေ့စဉ် ပုတီးမှန်မှန်စိပ်ပေမယ့် ဘာမှအကျိုးမထူးဘူး။ တစ်ချို့သူတွေကျတော့ လေးဆယ့်ငါးရက်လောက် ပုတီးမှန်မှန်စိပ်လိုက်တာနဲ့ မမျှော်လင့်တဲ့အကျိုးထူးတွေ ဖြစ်ထွန်းလို့လာပါတယ်။ အဲဒါဘာဖြစ်လို့လဲ အဘိုး” လို့ မေးကြည့်မိပါတယ်။ ဒီတော့ အဘိုးသံက......

'အရင်ဘဝက မိမိစိပ်ခဲ့တဲ့ပုတီးစိပ်ကို ဒီဘဝမှာပြန်စိပ်မိတဲ့လူတိုင်းဟာ အမြန်ဆုံးအကျိုးထူးတတ်တယ်'

လို့ မိန့်ဆိုပါတယ်။ ဒီအတိုင်းဆိုရင် ခင်ဗျားအရင်ဘဝတုန်းက ပုတီးစိပ်ကို အခုဘဝမှာပြန်စိပ်မိလို့ ဘေးအန္တရာယ်အသွယ်သွယ်နဲ့ဒုက္ခသုက္ခတွေကင်းရှင်းတဲ့ အကျိုးထူးကိုရတာ ဖြစ်ရမယ်။

ခင်ဗျားရဲ့ဘဝတစ်သက်တာမှာ ခင်ဗျားနဲ့အသင့်လျော်ဆုံးပုတီးစိပ်လို့ဆိုရင်လည်း မမှားဘူး။ ဒီတော့ ခင်ဗျားအခုစိပ်နေတဲ့ ဂုဏ်တော်ကိုးပါးပုတီးစိပ်ကို ဆက်သာစိပ်ပါ။ စိပ်တဲ့အကြိမ်ပေါင်းများလာရင် ထုံလာလိမ့်မယ်။ ထုံလာရင် ဒီထက်ပိုပြီးအကျိုးပေးပါလိမ့်မယ် ဦးမျိုးသွင်"

အကျွန်ုပ်၏ပြောစကားကြောင့် ဦးမျိုးသွင်သည် ဘာမှပြန်မပြောတော့ ငိုင်၍သာနေတော့၏။

ဤအချိန်တွင် အကျွန်ုပ်သည် ယင်းမာပင်မြို့နယ်သို့ရောက်စဉ် ရွာသာယာရွာရိုးမတိမ်ရွာက ဆရာတော်ဦးသီလစာရထံမှ ရရှိခဲ့သော ဘုရားဂုဏ်တော်ကိုးပါးအကျိုးကျေးဇူး စာချိုးလေးကို သွား၍အမှတ်ရလိုက်၏။

"ကျက်သရေ တက်နေလ၊ ထက်ပေစွအရဟံ။
ကောင်းမြတ်သည့်ကလျာဉာဏ်ငယ်၊ သမ္မာသမ္ဗုဒ္ဓေါ။
ကြံအောင်စွ မြတ်ဝိဇ္ဇာ စရဏသာရွတ်ကြစေသောဝ်။
ပြုသမျှအမှုသာအောင် သုဂတာရွတ်ပေဟာ။

ကြုံဆဝံ့လှူ့သဘော၊ မြတ်လောကဝိဒူ။
ဆိုးနတ်လူအနုတ္တရောရယ်နှင့် နှုတ်ပြောလို့ပီယဝါစာကူ။
သတ္တဒေဝစကားကြူလျှင် အများလူကယ်တင်နိုင်ကြလို့။
ဗုဒ္ဓေါပ ဒေသနာမှန် ဟောပြနိုင်ပြန်။
ဘဂဝါဂုဏ်တော်လျှံမှာ ပုန်းမကန်ရှောင်ရှားကြလေး။ ။

**၆၅၊ ကိုယ်တွေ့အစွမ်းထက်မြက်သော ဂါထာငါးပုဒ်**

ကိုယ်တွေ့သည် စိတ်ကူးယဉ်ထက်ဆန်းကြယ်နေတတ်၏။

လူ့ဘဝတွင် အမှတ်မထင်ရင်ဆိုင်တွေ့ကြုံခဲ့ရသော အဖြစ်ဆန်းလေးများကို မှတ်သားထားတတ်သည့်ဝါသနာရှိသည့် အကျွန်ုပ်သည် အချိန်အားလပ်သောနေ့တစ်နေ့တွင် ပန်းတောင်း ဆရာဦးဇမောင်နေအိမ်သို့ ရောက်ရှိသွားခဲ့၏။

ဆရာဦးဇမောင်သည် အသက်အရွယ်အားဖြင့် (၇၀)ကျော် (၈၀)အတွင်းဇရာပိုင်းသို့ပင် ရောက်ရှိ၍နေလေပြီ။

စစ်မှုထမ်း၊ ကုန်သည်၊ ပွဲစား၊ စာအုပ်ထုတ်ဝေသူ၊ ဆေးဆရာ၊ ဗေဒင်လက္ခဏာဆရာ၊ အင်းဆရာ၊ စာရေးဆရာ၊ နိုင်ငံရေးသမားစသည့် ဘဝထိုထိုတို့တွင် ကျင်လည်ခဲ့သူလည်းဖြစ်၏။

လောကဓံအမျိုးမျိုးတို့နှင့်လည်း ရင်ဆိုင်တွေ့ကြုံခဲ့သူလည်းဖြစ်၏။ လောကဓံ၏ အနိဋ္ဌာရုံဖြစ်သော ဆင်းရဲမွဲတေ ဒုက္ခအထွေထွေတို့နှင့်ရင်ဆိုင်တွေ့ကြုံခဲ့ရသော်လည်း အစွမ်းထက်မြက်သော

ဂါထာမန္တန်တန်ခိုးတို့ဖြင့် ထူးခြားစွာလွတ်မြောက်လာကာ မိမိ၏ ကံစွမ်းရှိသလောက် အကျိုးခံစားခဲ့ရသည်ဟု ကြားသိခဲ့ရ၏။

ထို့အတွက်ကြောင့် အကျွန်ုပ်သည် ဆရာဦးဇမောင်အား တွေ့လျှင်တွေ့ချင်း......

အကျွန်ုပ်။ ။ ဂါထာမန္တန်တွေဟာ လူသားတွေရဲ့ဘဝမှာ တစ်နည်းနည်းနဲ့ အကျိုးပြုနေတယ်ဆိုတာ ယုံပါသလားဆရာ။

ဆရာဦးဇမောင်။ ။ ယုံပါတယ်။ ဂါထာမန္တန်တွေရဲ့အစွမ်းထက် မြက်ပုံကို မိမိကိုယ်တိုင်အမှတ်မထားမိဘဲ အကျိုးပြုနေတာလည်း ရှိနိုင်ပါတယ်။ မသိမသာအကျိုးပြုနေတာလို့ ဆိုရပါမယ်။

နုပ်။ ။ ဆရာ့အနေနဲ့ ဘယ်ဂါထာ၊မန္တန်ကို အမြဲရွတ်ဆိုလေ့ ရှိပါသလဲ။

ဇ ။ ။ ကျွန်တော် ဂါထာတစ်ပုဒ်တည်းရွတ်ဆိုလေ့ မရှိပါဘူး။ ဂါထာတွေကို ကျမ်းဂန်စာအုပ်တွေကနေ ကူးယူရေးမှတ်ပြီး ကျက်မှတ်ထားခြင်းလည်း မဟုတ်ပါဘူး။ ငယ်စဉ်ကတည်းက ကြုံသလိုရရှိပြီး ကျက်မှတ်ရွတ်ဆိုနေခြင်းသာ ဖြစ်ပါတယ်။ ကျွန်တော်(၁၅)နှစ်သားလောက်က "တွမေဝသိ"ဂါထာကိုရပါ တယ်။ "နမောတေဗုဒ္ဓဂါထာ"ကို ဟင်္သာတဆရာတော်ထံက ရရှိပါတယ်။ အသက်(၁၈)နှစ်သားလောက်က "ခေမံ"ဂါထာကို ပန်းတောင်းဆရာတော်ဆီကရပါတယ်။ အသက်(၃၀)ကျော်မှာ "နိလ္လယေ"ဂါထာကို ပြည်ဆရာတော်ဆီကရပါတယ်။ အသက်

(၄၀)လောက်မှာ "ဗုဒ္ဓသရဏံ ဘယံနတ္ထိ"ဂါထာကို ရွှေတောင် ဆရာတော်ထံကရပါတယ်။ ရထားတဲ့ဂါထာမန္တန်တွေကို ကျက် မှတ်ထားခြင်း ဖြစ်ပါတယ်။

နုပ်။ ။ ဒီဂါထာမန္တန်တွေရွတ်ဖတ်လို့ ဘေးကင်းချမ်းသာကော ရရှိဖူးသလား။

ဇ ။ ။ ရရှိဖူးပါတယ်။

နုပ်။ ။ ဆရာ့ကိုယ်တွေ့လေးများရှိရင် မှတ်မိသလောက် ကျွန် တော့်ကိုပြောပြပါ။

ဇ ။ ။ ကိုယ်တွေ့ကြုံခဲ့တာတွေကတော့ အများကြီးပဲ။ မှတ်မိ သလောက်ပြန်ပြောရရင် ဘေးကင်းခဲ့ပုံကြုံရဆုံရဖူးပါတယ်။ ကျွန် တော် စစ်အတွင်းက စစ်ရေးတာဝန်ထမ်းဆောင်နေစဉ် တာဝန်နဲ့ ခရီးထွက်ခဲ့ပါတယ်။ မိတ္ထီလာ–ကျောက်ပန်းတောင်းလမ်းမှာ ကြုံတွေ့ရာကုန်တင်ကားကြီးနဲ့ လိုက်ပါလာခဲ့ပါတယ်။ ပထမ ကားဟာ ဆီပေပါတွေအပြည့်တင်ထားလို့ ဒရိုင်ဘာခန်းမှာလည်း လူတွေအပြည့်ဖြစ်နေလို့ နောက်ကားနဲ့ကျွန်တော် လိုက်ပါလာ ခဲ့ပါတယ်။ လမ်းခရီးမှာ ရှေ့ကသွားတဲ့ဆီပေပါတင်ထားတဲ့ ကားကြီးဟာ စစ်သေနတ်မှန်ပြီး မီးလောင်ကျွမ်းနေတာကို တွေ့ မြင်ခဲ့ရပါတယ်။ ဒီလို ကံကြမ္မာဆိုးကို ဘေးဖယ်ရှားပြီး ဘေးကင်း ခဲ့ရတဲ့အဖြစ်မျိုးနဲ့ ကြုံတွေ့ခဲ့ဖူးပါတယ်။

နုပ် ။ ။ ဟုတ်ကဲ့ တစ်ကြိမ်တစ်ခါ ကြုံတွေ့ဖူးတာမျိုးကတော့

တိုက်ဆိုင်တယ်လို့ယူဆရင်လည်း ယူဆရနိုင်ပါတယ်။ အလားတူ သေဘာေကလွတ်ကင်းခဲ့တာမျိုး ကြုံဖူးပါသေးလားဆရာ”

ဧ ။ ။ ရှိပါတယ်။ စစ်အတွင်းကပဲ။ တစ်ကြိမ်မှာ သရက်၊ ပြည်၊သာယာဝတီခရိုင်က စစ်သားသစ်တွေကို ရထားနဲ့တင်ဆောင်ပြီး ပျဉ်းမနားကိုပို့ဖို့တာဝန်အရ လိုက်ပါခဲ့ပါတယ်။ ငမိုးရိပ်တံတားကျိုးနေလို့ ရထားဟာ ရန်ကုန်ဘူတာကြီးမှာ သုံးရက်လောက်စောင့်ဆိုင်းနေရပါတယ်။ ဒီတုန်းက စစ်ရုံးချုပ်က တာဝန်ရှိတဲ့ဂျပန်အရာရှိတစ်ယောက် လာပြီးစစ်ဆေးတော့ ကျွန်တော် ဖျားနေတာကိုတွေ့သွားပါတယ်။ ဒါကြောင့် ရထားနဲ့ မလိုက်ဖို့အမိန့်ပေးပြီး ရန်ကုန်မှာ နေရစ်ခဲ့ပါတယ်။

ဒီရထားဟာ ပျဉ်းမနားမရောက်ခင် လမ်းခရီးမှာ မဟာမိတ်လေတပ်မှ လေယာဉ်ခြောက်စင်းနဲ့လာရောက်ပြီး ဗုံးကြဲ၊စစ်သေနတ်တွေနဲ့ပစ်လို့ ကျွန်တော့်ကိုယ်စားလိုက်သွားတဲ့ ဂျပန်စစ်ဗိုလ်လေးနဲ့ရဲဘော်တွေ အများအပြားကျဆုံးခဲ့ရပါတယ်။ ဒီမှာ တစ်ကြိမ် သေဘာေကလွတ်ခဲ့ရဖူးပါတယ်။ နောက်တစ်ကြိမ်လည်း ရှိပါသေးတယ်။

နပ်။ ။ အမိန့်ရှိပါဦးဆရာ။

ဧ ။ ။ ပြည်လမ်းစစ်ရုံးချုပ်က ရန်ကုန်ဘူတာကြီးကို အလုပ်တာဝန်ကားနဲ့ လာခဲ့ပါတယ်။ ရွာလမ်းမှာ အဖော်တစ်ဦးကို ဝင်ခေါ်လို့ ငါးမိနစ်လောက်ကြာသွားပါတယ်။ ကားနဲ့ဆက်ပြီး

ထွက်ခဲ့လို့ ယခုပြည်သူ့မုန့်တိုက် (ယခင် ကွန်တီနိင်တယ်) ရှေ့ အရောက်မှာ သရက်တောကျောင်းတိုက်နဲ့ ဘူတာကြီးကို တစ်ပြိုင်နက် ဗုံးချပါတော့တယ်။ ကျွန်တော်စီးလာတဲ့ကားဟာ ဆူးလေဂုံးတံတားအရောက်မှာ ရှေ့မဆက်နိုင်တော့ပါ။ ကျွန်တော် ငါးမိနစ်နောက်ကျပြီး ဘူတာကြီးကိုရောက်လို့ ဗုံးဒဏ်ကလွတ်ကင်းခဲ့ရပါတယ်။

နုပ်။ ။ ကျွန်တော်မသိလို့ ဆရာ့ကိုမေးပါရစေ။ ဂါထာမန္တန်တွေကိုရွတ်ဖတ်ရုံနဲ့ မကောင်းကျိုးတွေပပျောက်ပြီး ကောင်းကျိုးတွေ ရောက်လာရောလား။

ဓ။ ။ မဟုတ်ပါဘူး။ ဂါထာမန္တန်ရွတ်ဆိုတဲ့သူမှာ လိုက်နာကျင့်ဆောင်ရမယ့်အချက်တွေ ရှိပါတယ်။

နုပ်။ ။ ဘယ်လိုလိုက်နာဆောင်ရွက်ရမယ့် အချက်တွေလဲ ဆရာ။

ဓ ။ ။ ဂါထာမန္တန်ရွတ်ဆိုမယ့်ယောဂီတစ်ဦးဟာ လိုက်နာဆောင်ရွက်ရမယ့် အရေးကြီးတဲ့အချက်တွေက (၁) ကိုယ်ကျင့်တရားကောင်းမွန်ရမယ် (၂) မေတ္တာတရားပွားများ စိတ်ထားမွန်မြတ်သန့်စင်စွာနေရပါမယ် (၃) ကုသိုလ်ကောင်းမှုနဲ့ပြည့်စုံရပါမယ် (၄) အကုသိုလ်ဒုစရိုက်ဆိုရင် ဘာမှမလုပ်ပါနဲ့ (၅) ကံငါးပါးကို လုံခြုံအောင်ထိန်းသိမ်းပါ (၆) အလိုရှိတဲ့ဂါထာမန္တန်ကို ယုံယုံကြည်ကြည်နဲ့ အကြိမ်များစွာရွတ်ဆိုနေရပါမယ် (၇)

ရတနာသုံးပါးဂုဏ်ကျေးဇူးတော်ကို အစဉ်သတိရနေပါဆိုတဲ့ အချက်တွေဖြစ်ပါတယ်။

နုပ်။ ။ ဆရာ မပြတ်မလပ်ရွတ်ဆိုနေတဲ့ အစွမ်းထက်မြက်တဲ့ဂါထာမန္တန်တွေကို ကျွန်တော် လေ့လာမှတ်သားထားချင်လို့ ရေးသားမှတ်သားခွင့်ပြုပါ။

ပန်းတောင်းဆရာဦးမောင်သည် ထိုင်ရာမှထကာ စားပွဲအံဆွဲထဲမှ မှတ်စုစာအုပ်ငယ်လေးကိုထုတ်ယူလာပြီး အကျွန်ုပ်အား ကူးယူရေးသားခွင့်ပြုသည်။ အကျွန်ုပ်အနေဖြင့် မှတ်သားသင့်၊မှတ်သားအပ်၊မှတ်သားထိုက်သည် ယုံကြည်ယူဆ၍ ကူးယူရေးသားလိုက်၏၊

ဓမ္မမိတ်ဆွေသူတော်စင်တို့အတွက် အသုံးဝင်ပြီး ရွတ်ဆိုလိုသူအတွက် သိသိသာသာ ကိုယ်တွေ့အစွမ်းထက်မြက်သော ဂါထာမန္တန်များ ရေးသားဖော်ပြပါအံ့သတည်း။

**အကြံအစည်၊အလုပ်အကိုင်**

**အောင်မြင်စေကြောင်းဂါထာ**

(၁) **တွမေစသိ သမ္ဗုဒ္ဓေါ၊**

**တုဝံသတ္တာ အနုတ္တရော။**

**သဒေဝကသ္မိံ လောကသ္မိံ၊**

**နတ္ထိတေ ပဋိပုဂ္ဂလော။**

**တေနေ သစ္စဝဇ္ဇေန၊**

**ဟောတုမေ ဇယမင်္ဂလံ။**

**ပတ္တမြားမောက်စာဝေ**

အချုပ်အနှောင်အကျပ်အတည်းမှ
လွတ်မြောက်သော တောင်လွတ်ဂါထာ

(၂) နမောတေ ဗုဒ္ဓဝီရဿ၊
ဝိပ္ပမုတ္တောသိ သဗ္ဗဓိ။
သမ္ဗာဓ ပဋိပန္နောသ္မိ၊
တဿမေ သရဏံဘဝ။

* * *

အသက်အန္တရာယ်မှ ထူးခြားစွာ
လွတ်မြောက်စေသည့်ဂါထာ

(၃) ပုဉ္ဉသလောကမမ္မေဟိ၊ စိတ္တံ့ယသ နကမ္ပတိ၊
အသောကံ ဝိရဇံခေမံ။

* * *

ရန်သူက မိမိကိုမမြင်နိုင်သော
ကိုယ်ပျောက်ဂါထာ

(၄) နီလွယေ ဒေဝါသုရေန၊
သမ္ပနောဒသ ဣန္ဒိယာ။
ဘဂဝါ ဒေဝါ သုရသ၊
စက္ခု ဓမ္မမို နီလွယိ။
ဗုဒ္ဓေါ သမုကာ သုရေန၊
ဒိဋ္ဌာ ကမ္ဘိစ စနီလွယေ။
နပသိတိ ဇိနံယသာ၊
ပစ္စတ္တိကာ ပသန္တုမြေ။

* * *

ဘေးရန်မရှိ ပကာတိဘေးငြိမ်းသောဂါထာ

(၅) ဗုဒ္ဓံ သရဏံ ဘယံ နတ္ထိ။
ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ ဂစ္ဆာမိ၊
သရဏံ ဗုဒ္ဓံ။
ဓမ္မံ သရဏံ ဘယံ နတ္ထိ။
ဓမ္မံ သရဏံ ဂစ္ဆာမိ ဂစ္ဆာမိ။
သရဏံ ဓမ္မံ။
သံဃံ သရဏံ ဘယံ နတ္ထိ။
သံဃံ သရဏံ ဂစ္ဆာမိ ဂစ္ဆာမိ။
သရဏံ သံဃံ။

## ၆၆၊ အံ့ဖွယ်ရောဂါပျောက်သည့်ဂါထာတော်

တစ်နေ့သ၌ အကျွန်ုပ်သည် နေအိမ်သို့ပြန်လာစဉ် မိမိစာရေးသောစားပွဲပေါ်တွင် စာတိုက်မှလာသောစာအိတ်တစ်ထပ်ကြီးကို တွေ့မြင်လိုက်ရသည်။ ထိုအထဲမှ စာမူတစ်ပုဒ်ဟု ထင်မှတ်မိသောစာအိတ်တစ်အိတ်ကိုကောက်ယူ၍ ဖောက်ဖတ်ကြည့်လိုက်ရာ.....

ဆရာ သုတေသီ ဦးမြင့်ထွန်းခင်ဗျား။

ကျွန်တော်ဟာ ဆရာရဲ့စာဖတ်ပရိတ်သတ်တစ်ဦးပါ။ အထူးသဖြင့် ဆရာရေးသားတဲ့ ထူးခြားဆန်းကြယ် အံ့ဖွယ်ကောင်းတဲ့အကြောင်းအရာတွေကို စိတ်ဝင်စားပြီး နှစ်သက်မိပါတယ်။

အံ့ဖွယ်ရောဂါပျောက်ကင်းတဲ့ ဂါထာတော်နဲ့ပတ်သက်လို့ ကျွန်တော်ကိုယ်တွေ့မျက်မြင်ဖြစ်လို့ ယခုလိုဆရာဆီကို စာရေးသားပြီး တင်ပြအပ်ပါတယ်။ အလျဉ်းသင့်လျှင် ဆရာရေးသားမည့်ဝတ္ထု သို့မဟုတ် ဆောင်းပါးတွေထဲမှာ ထည့်သွင်းဖော်ပြပေးစေလိုပါတယ်။

အဖြစ်က ဒီလိုပါဆရာ။

ကျွန်တော်ဟာ အသက်အရွယ်လေးကြီးလာတဲ့အခါမှာ ရောဂါဝေဒနာတွေကလည်း ထူပြောလို့လာပါတယ်။ ကျွန်တော့်မှာ ရောဂါဝေဒနာတွေစုလို့ ဆေးတွေအမျိုးမျိုးကိုစားတဲ့အခါမှာ မိမိသွေးလေနဲ့မတည့်လို့လားတော့ မသိဘူး။ မျက်နှာတစ်ခုလုံး

ယောင်အမ်းလာပြီး ယားယံလို့နေပါတယ်။ နောက်တော့ တစ်ကိုယ်လုံးယားနာဝေဒနာတွေစွဲကပ်လာပြီး ကိုယ်ရေပြားရောဂါဝေဒနာသည်တစ်ယောက်လို အဖုအပိမ့်ကြီးတွေထွက်လို့လာကာ ဝေဒနာကိုခံစားနေရပါတယ်။

အခုလို ရောဂါဝေဒနာကိုခံစားနေရချိန်မှာ ကျွန်တော်ဟာ စိတ်မချမ်းမသာဖြစ်နေပါတယ်။ ပျောက်ကင်းချမ်းသာဖို့ ကျွန်တော့်ဆရာသမားများက ချီးမြှင့်ခဲ့တဲ့ ဂါထာတော်ကိုသာ အားကိုးတကြီးနဲ့အမြဲမပြတ်အောင်ရွတ်ဆိုပြီး ပုတီးစိပ်လို့သာ နေမိပါတယ်။

မိတ်ဆွေတစ်ယောက်က ကျွန်တော့်ကို 'ရမည်းသင်း ရွှေမြင်တင်တောင့်တော်က အဘရသေ့ကြီး ရန်ကုန်ကို ခေတ္တရောက်လို့နေတယ်။ အဘရသေ့ကို ပြသကုသပါလား'လို့ပြောပြီး အဘရသေ့ကြီး ခေတ္တတည်းခိုရာ လမ်းမတော်လမ်းကအိမ်ကို ခေါ်ဆောင်သွားခဲ့ပါတယ်။

အဘရသေ့ကြီး တည်းခိုတဲ့အိမ်မှာ လူနာပရိသတ်တွေကများပြားလှပါတယ်။ ရောဂါဝေဒနာသည်တွေကလည်း စုံလှပါတယ်။ အဘရသေ့ကြီးဟာ လူနာတစ်ဦးချင်းရဲ့ရောဂါဖြစ်ပျက်ခဲ့ပုံဇစ်မြစ်ကို မေးမြန်းပြီး ပါလာတဲ့ဆေးများနဲ့ ချီးမြှင့်ကုသပေးနေပါတယ်။

အချို့ရောဂါဝေနာရှင်တွေဟာ ရောဂါကရင့်လို့နေပါတယ်။ ရန်ကုန်ကိုလာတဲ့ အခိုက်အတန့်မှာ ဆေးတွေစုံအောင်မပါလာ တာကတစ်ကြောင်း အဘရသေ့ကြီးနေထိုင်သီတင်းသုံးတဲ့ ရမည်း သင်း ရွှေမြင်တင်တောင်တော်ကို လာရောက်ကုသဖို့ ပြောကြား နေတာကိုလည်း တွေ့ရပါတယ်။

ကျွန်တော့်အလှည့်ရောက်တော့ စမ်းသပ်စစ်ဆေးပြီးတဲ့အခါ ရမည်းသင်းရွှေမြင်တင်တောင်တော်ကို လိုက်ပါကုသနိုင်ရင် ပို ကောင်းမွန်မယ်လို့ ပြောကြားခဲ့ပါတယ်။ ဒီနောက် ရှိရင်းစွဲ သွေးတိုးရောဂါဝေဒနာရှင်တွေကို ဆေးကုသလို့ပေးနေပါတယ်။

ရွှေမြင်တင်တောင်တော်ဟာ ရမည်းသင်းမြို့ရဲ့အရှေ့ဖက် ခုနစ်မိုင်ခန့်သာ ဝေးကွာပါတယ်။ ရထားပေါ်က ကောင်းစွာ ဖူးတွေ့နိုင်ပါတယ်။

ရွှေမြင်တင်တောင်တော်ပေါ်မှာ ဆုတောင်းပြည့်စေတီတော် က သိကြားမင်းရဲ့လက်ယာမျက်ကွင်းတော် ၊ ဓမ္မာသောကမင်း ကြီးရဲ့မွေးညှင်းတော်၊ ညှပ်ရိုးတော်၊ နရပတေ့မင်းကြီးရဲ့လက် သန်း၊ လက်သူကြွယ်၊ နှလုံးတော်ဓာတ်များ ပူဇော်ဌာပနာထား ကြတယ်လို့ အဆိုရှိပါတယ်။

ဓမ္မာသောကမင်းကြီးရဲ့ ရေကန်တော်ဟာလည်း ယခုတိုင် မခန်းဘဲရှိနေကြောင်း သိရပါတယ်။ တော်ဝင်ပန်းများဖြစ်ကြတဲ့ အင်ကြင်းပန်း၊တောင်လှေကားပန်းတို့ဟာ ဝေဆာလျက်ရှိကြ

ပါတယ်။ အဘရသေ့ကြီးဟာ ရွှေမြင်တင်တောင်ပေါ်မှာရှိတဲ့ ကျောက်ဂူထဲမှာ သီတင်းသုံးလို့နေပါတယ်။

ရွှေမြင်တင်တောင်တော်ကို ရမည်းသင်းမြို့က မြင်းလှည်းနဲ့ စတင်ထွက်တည်းကပင် ဖူးတွေ့နေရပါတယ်။ လမ်းတဝက်ဖြစ်တဲ့ သိမ်ကုန်းရွာကြီးမှစပြီး ပိုလို့ထင်ရှားစွာ ဖူးတွေ့ရပါတယ်။ အနားကိုနီးလို့လာလေ ပိုပြီးကြည်ညိုဖွယ်ရှိလေ ဖြစ်ပါတယ်။

အနောက်ဖက်နဲ့တောင်ဖက်တို့မှာ တန်ဆောင်းတွေရှိပါတယ်။ တောလမ်းကလည်း တက်ရောက်နိုင်ပါတယ်။ တောင်တော်ပေါ်မှာ စိတ်အေးချမ်းသာပြီး စိတ်ငြိမ်းချမ်းမွေ့လှပါတယ်။

အဘရသေ့ကြီးဆီမှာ ဆေးကုသခံဖို့ မိသားစုနဲ့အတူ ကျွန်တော် လိုက်ပါလို့သွားခဲ့ပါတယ်။ တောင်တော်ပေါ်မှာတော့ ဇရပ်ငယ်တွေဟာ နေရာအသီးသီးမှာရှိနေကြပါတယ်။ နံနက်ကိုးနာရီမှာ အဘရသေ့ကစတင်ပြီး ဆေးကုသပါတယ်။

ကျွန်တော် ဇရပ်မှာနေထိုင်ပြီး စားသောက်ရပါတယ်။ အရေးကြီးရင် ကြီးသလို အဘရသေ့ကြီးဆီမှာ တင်ပြနိုင်ကြပါတယ်။ ညနေရောက်တိုင်း ဆရာလေးများဖြစ်ကြတဲ့ ကိုတင်ထူးနဲ့ကိုထွန်းဝင်းတို့က လူနာဇရပ်တွေကိုလှည့်ပြီး ရောဂါအခြေအနေတွေကို မေးပါတယ်။ ဆေးအပြောင်းအလဲများရှိရင် အဘရသေ့ကြီးဆီမှာတင်ပြပြီး ရောဂါအခြေအနေနဲ့ဆေးပြောင်းမှုကို ပြုကြပါတယ်။

တွေ့ရှိရတဲ့လူနာဝေဒနာရှင်တွေက ရေး၊မြိတ်၊ထားဝယ်၊ ရှမ်းပြည်နယ်၊ရခိုင်၊ကချင်စတဲ့ အနယ်နယ်အရပ်ရပ်က လာကြတာတွေရှိပါတယ်။

တစ်ဦးနဲ့တစ်ဦးကူညီကြ၊ ရိုင်းပင်းကြပါတယ်။ ရောဂါပျောက်ကင်းလို့ ပြန်ကြတဲ့သူတွေနဲ့ နောက်ထပ်ရောက်လာတဲ့သူများက တဖွဲဖွဲရှိပါတယ်။ ဇရပ်တွေနဲ့မလောက်ဘဲ ရှိနေပါတယ်။

ရောဂါဝေဒနာရှင်တွေ တောင်တော်ပေါ်မှာ အေးချမ်းသာယာစွာဆေးကုသနိုင်ဖို့ ဂေါပကအဖွဲ့က အဘကျော်၊အမေမြိုင်၊မောင်ဝင်းနိုင်၊မဖြူတို့က လိုလေသေးမရှိစေဖို့ ချွေးအောင်းခြင်း၊အုန်းသီးရှာပေးခြင်း၊ရှောက်သီးရှာပေးခြင်းတို့မှအစ ဝိုင်းဝန်းကူညီကြပါတယ်။

ဒါတင်မကသေးပါဘူး။ ဆေးဖက်ဝင်အရွက်တွေကို တောတောင်ထဲမှာ ခက်ခက်ခဲခဲရှာဖွေပေးကြပါတယ်။ အစားအသောက်ကိုလည်း မိမိဘာသာချက်ပြုတ်စားကြရာမှာ အိုးခွက်ပန်းကန်က အစ သိမ်ကျောင်းဆရာတော်က ကူညီပါတယ်။

ကျွန်တော့်ရောဂါဝေဒနာဟာ ဘရသေ့ကြီးရဲ့လိမ်းဆေး၊ သောက်ဆေးတို့ရဲ့အစွမ်းနဲ့ ကျွန်တော်အမြဲရွတ်ဆိုနေတဲ့ ဂါထာတော်ကြောင့် ပျောက်ကင်းချမ်းသာခဲ့ပါပြီ။

ကျွန်တော် တင်ပြလိုပါတယ်။ ကျွန်တော် အမြဲရွတ်ဆိုပြီး ပုတီးစိပ်နေတဲ့ အံ့ဖွယ်ရောဂါပျောက်တဲ့ဂါထာတော်ကြောင့်လည်း

ဆေးစွမ်းကောင်း၊သမားတော်ကောင်းနဲ့ တိုက်တိုက်ဆိုင်ဆိုင် တိုးမိတယ်လို့ ထင်မှတ်မိပါတယ်။

ဂါထာတော်

နမောတေ ဗုဒ္ဓဝီရတ္ထု။
ဝိပ္ပမုတ္တောသိ သဗ္ဗဓိ။
သမ္ဗာဓ ပဋိပန္နောသ္မိ။
တဿမေ သရဏံဘဝ။

အနက်

ဝီရ၊ ကြီးမြတ်ရဲရင့်သော လုံ့လဝီရိယရှိတော်မူသောဗုဒ္ဓ မြတ်စွာဘုရား။ တေ၊ အရှင်ဘုရားအား။ မေ၊ အကျွန်ုပ်၏။ နမော၊ ရှိခိုးခြင်းသည်။ အတ္ထု၊ ဖြစ်ပါစေသတည်း။

ဝီရ၊ ကြီးမြတ်ရဲရင့်သော လုံ့လဝီရိယရှိတော်မူသော ဗုဒ္ဓ မြတ်စွာဘုရား။ တွံ၊ အရှင်ဘုရားသည်။ သဗ္ဗဓိ၊ ခပ်သိမ်းသော ဘေးရန်ဒုက္ခဟူသမျှ။ ဝိပ္ပမုတ္တော၊ ချမ်းမြေ့ကြည်ဖြူတော်မူသည်။ အသိ၊ ဖြစ်လတ်ပြီ။ အဟံ၊ အကျွန်ုပ်မူကား။ သမ္ဗာဓပဋိပန္နော၊ ကျဉ်းမြောင်းစွာလှ ဘေးဒုက္ခသို့ကျရောက်၍ နေသည်။ အသ္မိ၊ ဖြစ်ချေ၏။

ဝီရ၊ ကြီးမြတ်ရဲရင့်သော လုံ့လဝီရိယရှိတော်မူသော ဗုဒ္ဓ မြတ်စွာဘုရား။ တွံ၊ အရှင်ဘုရားသည်။ တဿမေ၊ ထိုအကျွန်ုပ် ၏။ သရဏံ၊ ဘေးရန်ကင်းကွာချမ်းသာပွားကြောင်း ပုန်းအောင်း

ကိုးကွယ်ရာသည့်ဘဝ ဖြစ်တော်မူပါဘုရား။

မောင်ဝင်းမောင်

ခေတ္တ ရွှေမြင်တင်တောင်တော်၊

ရမည်းသင်းမြို့

ဟူ၍ ဖတ်ရှုရ၏။

အကျွန်ုပ်သည် နှစ်ပေါင်းများစွာ မြန်မာ့ဂမ္ဘီရသိပ္ပ၊ ဝိဇ္ဇာ ဓရလောကီပညာရပ်များကို ဝါသနာအလျောက် လေ့လာလိုက်စားခဲ့၏။

ထိုအထဲတွင် အစွမ်းထက်မြက်သည့် ဂါထာမန္တန်များကို တစ်ခန်းတစ်ကဏ္ဍအနေဖြင့် မာဃဒေဝလင်္ကာသစ်တွင် ကျေးဇူးရှင်မာန်လည်ဆရာတော်ဘုရားကြီးက "မှတ်ချက်ရှေးက၊ မိန့်ပြဆရာ၊ စဉ်အလာလည်း၊ ဂါထာတစ်သောင်း၊ အင်းကောင်းတစ်ကွက်၊ ဆေးတစ်စက်တဲ့"ဟူ၍ ဆိုထားဘိ၏။ ထို့အတွက်ကြောင့် ဂါထာမန္တန်တို့၏ အစွမ်းထက်မြက်ပုံများကိုလည်း အသိအမှတ်ပြုရပေမည်ဖြစ်၏။

ကျေးဇူးရှင်လယ်တီဆရာတော်ဘုရားကြီးက ဂါထာ ပရိတ်တော်များ တန်ခိုးထက်မြက်ပုံကို သုကုမာရမဂ္ဂဒီပနီကျမ်း၌ အနိုင် အမာရေးသားဖော်ပြထားသည်မှာ.....

"ဗုဒ္ဓဘာသာ၌ ကပ်၊ ဥပဒ်၊ အန္တရာယ်လွတ်ကင်းရန် ပရိတ်တော်၊ ဂုဏ်တော် အလွန်ပေါများ၏။ အိပ်ရာဝင်၌ အထပ်များစွာ

နေ့စဉ်ရွတ်၊ အစွဲအမြဲထားကြပါမူ ကြာလေလေ တန်ခိုးရှိလေလေ ဖြစ်၏”ဟူ၍ ဖော်ပြထားသည်။ ထို့ပြင်လည်း.....

“ပရိတ်တော်၊ ဂုဏ်တော်များကို ရွတ်ဖတ်ကြရာ၌ ကုသိုလ်ဖြစ်ရွတ်ဖတ်ကြသောအခါ သဒ္ဓါစိတ်ဖြင့်ဖြည်းညင်းသာယာ နာချင်ဖွယ်ရှိအောင် ရွတ်ဖတ်ရသည်။ အန္တရာယ်ကင်းကိစ္စနှင့် ရွတ်ဖတ်ရသည်။ အန္တရာယ်ကြီးလျှင် ကြီးလိုက် အခေါက်များစွာ အသံ၊ လျှာသံအပြင်းအထန်ပေး၍ ရွတ်ဖတ်ရသည်။”ဟူ၍လည်း ပရိတ်ရွတ်နည်းလမ်းညွှန်ပြုထားတော်မူသည်။ အလွန်တန်ဖိုးရှိလှသဖြင့် စာဖတ်သူများအကျိုးရှိရန် တင်ပြအပ်ပါ၏။

* * *

## မြေ၊ လိုတရဂါထာနှင့် ကိုယ်တွေ့ဖြစ်ရပ်ဆန်း

အကျွန်ုပ်နှင့်ခင်မင်ရင်းနှီးသော မိတ်ဆွေသင်္ဂဟများထဲတွင် ထူးခြားသည့်ဓမ္မမိတ်ဆွေတစ်ဦးရှိခဲ့၏။

ထိုဓမ္မမိတ်ဆွေ၏ အမည်မှာ ကိုမြင့်ဝေဖြစ်သည်။ ကိုမြင့်ဝေမှာ ရန်ကုန်တိုင်း၊ လသာမြို့နယ်၊ အမှတ်(၄)ရပ်ကွက်၊ စဥ့်အိုးတန်းလမ်းတွင် နေထိုင်သူဖြစ်သည်။ သူသည် လသာမြို့နယ်သမဝါယမအသင်းတွင် အလုပ်လုပ်ကိုင်နေသည်။ မိမိနေထိုင်ရာ စဥ့်အိုးတန်းလမ်းရှိနေအိမ်တွင် "ဇလပ်နီလက်ဖက်ရည်ဆိုင်"ဖွင့်လှစ်ထားရှိ၏။

ကိုမြင့်ဝေသည် စစ်ကိုင်း(ဧယျာ)ဇာတိဖြစ်သည်။ မိဘများက စစ်ကိုင်းမြို့တွင် ငွေထည်လုပ်ငန်းကိုလုပ်ကိုင်သည်။ သူက ရန်ကုန်တွင်အိမ်ထောင်ကျကာ အခြေချ၍နေထိုင်သည်။ ရုပ်ရည်ချောမောသည်။ စိတ်ထားကောင်းမွန်သည်။ သပ်ရပ်စွာဝတ်စားဆင်ယင်လေ့ရှိ၏။

ကိုမြင့်ဝေသည် ယခင်က လောင်းကစားခြင်း၊ သေရည်သေရက်သောက်စားခြင်းများ ပြုလုပ်ခဲ့ဖူးသည်။ နောက်ပိုင်းကာလတွင် ယင်းမကောင်းမှုများကိုစွန့်လွှတ်ကာ တရားကျင့်ကြံအားထုတ်ခြင်း၊ တရားဓမ္မဆွေးနွေးခြင်း၊ ပုတီးစိပ်ခြင်း၊ မြန်မာ့ဂမ္ဘီရသိပ္ပ၊ ဝိဇ္ဇာဓရလောကီပညာရပ်များကို လေ့လာလိုက်စားခြင်း၊ ယောဂကျင့်စဥ်များကိုကျင့်ခြင်း၊ ပယောဂကုသခြင်း

စသည့်အလုပ်များဖြင့်သာ ပျော်မွေ့နေလေ့ရှိသည်။ ထိုအချိန်တွင် ဝါသနာတူခြင်းဖြစ်သော အကျွန်ုပ်နှင့်ပေါင်းဖော်မိကြ၏။

ပုတီးစိပ်ခြင်းကို ဝါသနာထုံသော အကျွန်ုပ်နှင့်ကိုမြင့်ဝေတို့ တွဲဖက်မိကြသည့်အခါ တနင်္ဂနွေနေ့နံနက်တိုင်း ရန်ကုန်မြို့ ပေါ်ရှိတန်ခိုးကြီးဘုရားစေတီ ပုထိုးတစ်ဆူဆူသို့ အတူသွားရောက်ကြပြီး အဓိဋ္ဌာန်မဟုတ်ဘဲ ပုတီးစိပ်လာခဲ့ကြသည်မှာ နှစ်အတန်ကြာလေပြီ။

၁၉၈၆ခုနှစ်က ဖြစ်၏။

တစ်နေ့သောတနင်္ဂနွေနေ့တွင် အကျွန်ုပ်နှင့်ကိုမြင့်ဝေတို့သည် ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်ရှိ ရွှေဘုန်းပွင့်စေတီတော်ကွင် နှစ်ဦးသားဝတ်ပြုပြီး သက်စေ့ပုတီးစိပ်လာခဲ့ကြ၏။

အကျွန်ုပ်သည် ကိုမြင့်ဝေနေအိမ်တွင် နံနက်စာထမင်းစားသောက်ကြပြီး အေးအေးဆေးဆေးလက်ဖက်ရည်သောက်သုံးကြကာ အပန်းဖြေအနားယူကြရင်း ထွေရာလေးပါးစကားများကို ပြောဆိုနေကြ၏။

ထိုထွေရာလေးပါး စပ်မိစပ်ရာ စကားများပြောဆိုနေကြရာမှ လောကီ၊လောကုတ္တရာ ဂါထာမန္တန်များအကြောင်းကို ရောက်ရှိသွားသောအခါ.....

"ကိုမြင့်ဝေက ဂါထာ၊မန္တန်တွေကိုလေ့လာလိုက်စားနေတဲ့သူဆိုတော့ ကျွန်တော်တစ်ခုမေးရဦးမယ်"

"မေးပါ"

"ရေဏုဇော်ဂျီဂါထာဆိုတာ ကြားဖူးသလား"

"ဆိုစမ်းပါဦး"

အကျွန်ုပ်က ရေဏုဇော်ဂျီဂါထာကို အလွတ်မရ။ ရေးသားမှတ်သားထားသော မှတ်စုပဒေသာစာအုပ်ကိုထုတ်၍ ရှာဖွေပြီး ကိုမြင့်ဝေအား ပြသလိုက်၏။

**ရေဏုဇော်ဂျီဂါထာ**

အ–နော–စု–တယ်–လာ–တွန်–စေ–ဒွတ်–စ–ဝ–ဣ–ကာ–ရေ–ဝ–ရွတ်–ကေ–ခ–လေ–င–ကီ–ပါ–တေး–လူ–ဖေ–နိ–တာ–ဇော–ဒေါ်–နိ။

ကိုမြင့်ဝေက အကျွန်ုပ်ပြသလိုက်သောရေဏုဇော်ဂျီဂါထာကိုသေချာစွာဖတ်ရှုလိုက်ပြီး.....

"ဒီရေဏုဇော်ဂျီဂါထာက ဘာအစွမ်းသတ္တိရှိသလဲ"

"သူ့အဆိုကတော့ ဒီရေဏုဇော်ဂျီဂါထာကို နံနက်အိပ်ရာထမျက်နှာသစ်ပြီး ဘာမှမသုံးဆောင်သေးခင်မှာ ဘုရားစင်ရှေ့သွားကာ တစ်နေ့(၇)ခေါက်ရွတ်ဆိုပူဇော်ရမယ်တဲ့။ ဒီအခါမှာ စီးပွားလာဘ်လာဘများ အထူးတိုးတက်တယ်လို့ ဆိုပါတယ်။ ဖြစ်နိုင်ပါ့မလား ကိုမြင့်ဝေ"

"ကိုမြင့်ဝေက မျက်မှောင်ကုတ်၍ စဉ်းစားလိုက်ပြီး.....

"အင်း ဂမ္ဘီရသိပ္ပ၊ ဝိဇ္ဇာမရလောကီပညာဆိုတာက ဝိဇ္ဇာ

ရှစ်သောင်း၊ဆရာပေါင်းတွေက ထားရစ်ခဲ့တော့ ဝေဖန်ဆန်းစစ်ဖို့အတော့်ကို ခက်တယ်ဗျာ။ မဟုတ်ဘူးလို့လည်း မပြောနိုင်ဘူး။ ဟုတ်တယ်လို့လည်း အသေအချာမပြောနိုင်ဘူး။ ဒီတော့ တကယ့်လက်တွေ့စမ်းသပ်လုပ်ကိုင်ကြည့်မှ သိရှိနိုင်မယ့်ကိစ္စမျိုးပါ"

"ဟုတ်ပါတယ်"

"ပြီးတော့ ဂမ္ဘီရသိပ္ပ၊ ဝိဇ္ဇာဓရလောကီပညာရပ်တွေကို လေ့လာလိုက်စားကြတဲ့ ပါရမီရှင်တွေ သိထားရမယ့်အချက်တစ်ချက်က အရမ်းလည်းမယုံကြည်နဲ့၊ အတုအယောင်နဲ့တွေ့တတ်တယ်။ အရာရာကို မယုံကြည်ဘဲနဲ့လည်းမနေနဲ့။ အစစ်အမှန်နဲ့လွဲတတ်တယ်။ ဒီနေရာမှာ မံသစက္ခုနဲ့မြင်တွေ့ရတာထက် ပညာအသိက သိပ်ကိုအရေးကြီးတယ်ပေါ့ဗျာ"

"ဟုတ်ကဲ့"

"အခု ခင်ဗျားပြတဲ့ ဓရဏာဇော်ဂျီဂါထာကိုတော့ ကျွန်တော်ကိုယ်တိုင်ရွတ်ဖတ်ပူဇော်ပြီး မလေ့ကျင့်ဘူးလို့မသိဘူး။ ကျွန်တော်ကိုယ်တိုင် လက်တွေ့ရွတ်ဖတ်လို့ အကျိုးပေးတဲ့ လို–တ–ရ ဂါထာတစ်ပုဒ်တော့ရှိတယ်"

"ပြောစမ်းပါဦး ကိုမြင့်ဝေ"

"ကိုယ့်ဓမ္မမိတ်ဆွေခြင်းတွေပဲ ဓမ္မဒါနပြုရတာပေါ့ဗျာ။ ဒီဂါထာဟာ 'ဒိဝါတပတိ အာဒိစ္စော'အစချီတဲ့ (သဗ္ဗဇယမင်္ဂလာဂါထာတော်)တဲ့။ ဒီဂါထာတော်ကို ဂါထာမန္တန်ကို လေ့လာလိုက်

စားတဲ့သူ တော်တော်များများက နှုတ်တိုက်ရထားကြတာများ တယ်။ ရှေးဆရာတော်၊ သမားတော်ကြီးတွေက ဒီဂါထာတော်ကို 'ရွှေစင်တစ်သိန်းတန် မန္တန်တော်ကြီး'လို့တောင်တင်စားပြီး ခေါ်ဝေါ်ထားကြတယ်လေ"

"ဒီ ဒိဝါတပတိ အာဒိစ္စောအစချီတဲ့ဂါထာတော်နဲ့ ပတ်သက်တဲ့အတွေ့အကြုံလေးများရှိရင် ကြားစမ်းပါရစေ"

"ဟုတ်ကဲ့ ကျွန်တော်က ဒီ'ဒိဝါတပတိအာဒိစ္စော'ဂါထာတော်ကို အသက်(၃၀)ပြည့်တဲ့နေ့ရက်ကစပြီး နေ့စဉ်နံနက်တိုင်း (၉)ခေါက်တိတိ မှန်မှန် ဘုရားစင်ရှေ့မှာရွတ်ဆိုပူဇော်လာခဲ့ပါတယ်။ ခင်ဗျားလည်းသိတဲ့အတိုင်း ကျွန်တော်ဟာ အပေါင်းအသင်းစုံလို့ ကစားသမားဖြစ်ခဲ့ရတယ်။ ကစားတဲ့အလုပ်ဟာ စိတ်လေလွင့်တယ်။ စီးပွားရေးပျက်တတ်တယ်။ လူချမ်းသာဘဝက လူမွဲဖြစ်သွားနိုင်တယ်။ လောင်းကစားတဲ့ဝါသနာကြောင့် ကျွန်တော့်စီးပွားရေးဟာ အတော်လေးအခြေယိုင်လာပြီး အခြေအနေက အတော်ဆိုးလာပါတယ်။ အလုပ်အတွက် ငွေကြေးအကြပ်အတည်းလည်း တွေ့နေရတယ်။ ဒါနဲ့ ကျွန်တော်လည်း ကြံရာမရဖြစ်လာတာနဲ့ အိမ်ကဘုရားစင်ရှေ့မှာ 'တပည့်တော်ဟာ ဒိဝါတပတိအာဒိစ္စောအစချီတဲ့ဂါထာတော်ကို အသက်(၃၀)ပြည့်တဲ့နေ့ရက်မှစပြီး နေ့စဉ်နံနက်တိုင်း(၉)ခေါက်တိတိ မှန်မှန် ရွတ်ဆိုပူဇော်ခဲ့ပါတယ်ဘုရား။ ဤမှန်သောသစ္စာစကားကြောင့်

တပည့်တော်သည် ယခုကြုံတွေ့နေရသော ငွေကြေးခက်ခဲမှုက အမြန်ဆုံးလွတ်မြောက်ရပါလို၏ဘုရား’လို့ ဆိုခဲ့ပါတယ်”

“ဒါနဲ့.....”

“ဒါနဲ့ သိပ်မကြာပါဘူး။ တစ်လလောက်အကြာမှာ ငွေတွေ အစရလိုက်ဝင်လာခဲ့ပါတယ်။ ဒီအထဲက ငါးထောင်ဆု၊ တစ်သောင်းဆုမျိုးတွေလည်း ဆက်တိုက်ကိုထိပေါက်ပါတယ်။ ကုသိုလ်ကံ ပေးသရွေ့ပေါ့ဗျာ။ လူဆိုတာမျိုးဟာ မိမိကလိုချင်တိုင်းလည်း ရတတ်တာမျိုးမှမဟုတ်ဘဲ ကံပေးသရွေ့သာ ရတတ်တာမျိုး မဟုတ်လား”

“ဒါဆိုလည်း ဘယ်ဆိုးလို့လဲ ”

“အလုပ်လုပ်နေတဲ့လူဆိုတော့ မကြာခဏငွေ အခက်အခဲ ကြုံတွေ့ရတဲ့အခါမှာ ဒီဂါထာတော်ကို စွဲစွဲမြဲမြဲရွတ်ဆိုပူဇော်တော့ ကြုံတွေ့နေရတဲ့အကျပ်အတည်းက မကြာခင်မှာပင် ပြေလည်သွားတတ်ပါတယ်။ တကယ့်ကို အစွမ်းထက်မြက်တဲ့ဂါထာတော်ပါပဲ။

မှတ်မှတ်ရရ ၁၉၆၇ ခုနှစ်က ကျွန်တော်အလုပ်လုပ်နေတဲ့ အလုပ်ဌာနမှာ အန္တရာယ်တွေက သိပ်ကိုများတယ်။ ကိုယ့်အချင်းချင်းမနာလိုတဲ့သူတွေလည်း ရှိတယ်။ တစ်နေ့မှာ ကျွန်တော်နဲ့ လုံးဝပတ်သက်ခြင်းမရှိတဲ့ အမှုတစ်ခုနဲ့ပတ်သက်ပြီး ကျွန်တော့်ကို သက်ဆိုင်ရာဌာနကခေါ်ပြီး စစ်ဆေးမှုပြုလုပ်ခြင်းကို ခံရ

ပါတယ်။

အဲဒါ အဖြေမှားရင် ကိုယ်ပါအမှုထဲကို အချောင်ပါသွားနိုင်တဲ့အမှုမျိုးပေါ့။ ကျွန်တော်လည်း တစ်သက်နဲ့တစ်ကိုယ်မှာ ဒီလိုအမှုမျိုးနဲ့မပတ်သက်ဖူးတော့ စိတ်ပူပင်နေမိတယ်။ ကျွန်တော် ကြောက်တော့မကြောက်ဘူး။ မိမိကိုယ်တိုင် မဟုတ်တာကိုမလုပ်ခဲ့မိတဲ့အတွက် လိပ်ပြာသန့်တယ်။

ဒီအမှုနဲ့ပတ်သက်လို့ ခေါ်ယူစစ်ဆေးတဲ့နေ့တိုင်း ကျွန်တော်ဟာ ဒိဝါတပတိအာဒိစ္စောဂါထာတော်ကို ရွတ်ဆိုပူဇော်သစ္စာပြုပြီးမှ သွားရောက်အစစ်ခံပါတယ်။ မကြာပါဘူး အမှုမှန်ပေါ်ပြီး ကျွန်တော်လည်း အမှုကနေ ကွင်းလုံးကျွတ်ကို လွတ်မြောက်သွားခဲ့ပါတယ်”

“ကိုမြင့်ဝေ အဖြစ်အပျက်ကတော့ တကယ့်ကိုအံ့စရာပါပဲဗျာ”

“ဒါတင်ဘယ်ဟုတ်ဦးမလဲ။ ဒီဂါထာတော်ရဲ့အစွမ်းသတ္တိက စိတ်ကကြံစည်လေသမျှ၊ နှုတ်ကပြောဆိုလေသမျှ၊ ကိုယ်ကာယကလုပ်ဆောင်လေသမျှ အလုံးစုံပြီးစီးအောင်မြင်တယ်။ သူ့ဖွေးဖြစ်တာ၊ မဖြစ်တာကတော့ မိမိရဲ့ကုသိုလ်ကံတရားနဲ့လည်း ပတ်သက်တယ်”

ကျွန်တော့်နေအိမ်မှာ ဇလပ်နီလက်ဖက်ရည်ဆိုင် ထောင်ထားတယ်။ အရင်းအနှီးကတော့ သိပ်များများစားစားရှိတာတော့

မဟုတ်ဘူး။ လသာမြို့နယ်ဆိုတာက သူဌေးရပ်ကွက်၊ ကုန်သည်ပွဲစားလုပ်ငန်းရှင်ရပ်ကွက်ပဲ။ ထမင်းဆိုင်တွေ၊ စားသောက်ဆိုင်တွေ၊ လက်ဖက်ရည်ဆိုင်တွေဆိုတာတွေဟာ လက်ညှိုးထိုးလို့ကို မလွဲဘူး။ ဒါပေမယ့် ကျွန်တော့်အိမ်မှာဖွင့်ထားတဲ့ လက်ဖက်ရည်ဆိုင်လေးဟာလည်း သူများတန်းတူရောင်းရတာပဲ။ အချိန်ကျရင် ဆိုင်ပေါ်မှာတင်ထားသမျှ ပစ္စည်းတွေအားလုံး ကုန်တော့တာပဲဗျာ"

"ကိုမြင့်ဝေရဲ့ဂါထာတော်ကတော့ တကယ့်ကို လို-တ-ရဂါထာတော်ပါပဲ။ ကျွန်တော့်ကို ဒီဂါထာတော်ကြီးကို ကူးယူခွင့်ပြုပါ"

"ကူးမနေနဲ့မောင်ရင်ရေ အချိန်ကြာတယ်။ ကျုပ် ခမ္ဗဒါန ပြုထားတဲ့ ဂါထာတော်စာရွက်ကိုယူသွားပြီး ရွတ်ဖတ်သရဇ္ဈာယ်ပေတော့"

ဟူ၍ပြောဆိုကာ ဂါထာတော်စာရွက်လေးတစ်ရွက်ကို အကျွန်ုပ်အားကမ်းပေးလိုက်သည်။ ဂါထာတော်မှာ အောက်ပါအတိုင်းဖြစ်၏။

**သဗ္ဗဇယမင်္ဂလာဂါထာတော်**

**ဒီဝါတပတိ အာဒိစ္စော၊**
**ရတ္တိမာ ဘာတိစန္ဒိမာ။**
**သန္နဒ္ဓေါ ခတ္တိယောတပတိ၊**
**ဈာယီတပတိ ဗြဟ္မဏော။**

**ပတ္တမြားငမောက်စာပေ**

အထသဗ္ဗ မဟောရတ္တိံ၊
ဗုဒ္ဓေါတပတိတေဇသာ။
တာဒိသံ တေဇသမ္ပန္နံ၊
ဗုဒ္ဓံဝန္ဒာမိ အာဒရံ။
နမက္ကရာ နဘာဝေန၊
သဗ္ဗေ ပူရေန္တု သင်္ကပ္ပါ။

**စာရေးသူမှတ်ချက်။** ။ (မြန်မာနိုင်ငံတွင် ပုတီးသမားကြီးဟုံနေလိုလလို ထင်ရှားကျော်ကြားသော ပုဂ္ဂိုလ်ကြီးတစ်ဦးလည်း အထက်ဖော်ပြပါ သဗ္ဗဇယမင်္ဂလာဂါထာတော်ကို နေ့စဉ်နေ့တိုင်း ပုတီးစိပ်သည်ဟု ကြားသိရ၏။)

*　*　*

## ၆၈။ အောင်စကြာဆရာတော်ပုတီးစိပ်နှင့် ကိုယ်တွေ့ဖြစ်ရပ်ဆန်း

အကျွန်ုပ်သည် ရန်ကုန်မြို့ ၃၃ လမ်း၊ အမှတ်(၁၆၁)ရှိ 'ငွေတောင်တန်းစာပေ'မှ အစွမ်းထက်သောပုတီးစိပ်နည်းနှင့် ကိုယ်တွေ့ဖြစ်ရပ်ဆန်းများ အမှတ်(၁)၊(၂)၊(၃)အတွဲ(၃)တွဲကို ပြုစုထုတ်ဝေခဲ့၏။

"အစွမ်းထက်သောပုတီးစိပ်နှင့် ကိုယ်တွေ့ဖြစ်ရပ်ဆန်းများ" အမှတ်(၂)စာအုပ်တွင် အောင်စကြာဆရာတော်ပုတီးစိပ်ဆောင်းပါးကို အောင်စကြာဆရာတော်ဘုရားကြီးပုံတော်နှင့်တကွ ရေးသားတင်ပြခဲ့၏။

ထိုဆောင်းပါးထဲမှ စာအချို့ကိုကောက်နုတ်၍ တင်ပြရလေသော်......

ရုပ်ရှင်ဒါရိုက်တာ၊ စာရေးဆရာ၊ ဒဿနပညာရှင် ဦးဆန်းလွင်တို့မိသားစုသည် အောင်စကြာဆရာတော်အား သက်သတ်လွတ်ဆွမ်းများသွားရောက်ကပ်လှူတိုင်း ကျွန်တော် လိုက်ပါသွားတတ်ပါ၏။

တစ်နေ့တွင် ဆရာတော်ကျောင်းအပေါ်တွင် ဆရာတော်အား သက်သတ်လွတ်ဆွမ်းများကပ်လှူအပြီး၌ ဆရာတော်က သူ၏ပုံတော်ကို လက်တော်ဖြင့် တစ်ချက်စီသုံးသပ်လျက် သုံးချက်ပုတ်ကာ......

"အလိုဆန္ဒရှိတဲ့အတိုင်း တလုံးတဝတည်းပြည့်ရမည်" ဟူ၍အမိန့်ပေးကာ ကျွန်တော့်အားပုံတော်ကို ချီးမြှင့်ခဲ့၏။

ကျွန်တော်သည် ဆရာတော်ထံမှပုံတော်ကိုရပြီးချိန်မှစပြီး မိမိအိမ်သို့ပြန်ရောက်သောအခါ မှန်ဘောင်သွင်း၍ ဘုရားစင်နားတွင် စင်တစ်ခုပြုလုပ်ကာ ကိုးကွယ်ပူဇော်ထားရှိခဲ့သည်။ နေ့စဉ်နေ့တိုင်း ဆွမ်း၊ သောက်တော်ရေ၊ ပန်း၊ ဆီမီး၊ အမွှေးတိုင်များကို ကပ်လှူပါ၏။

ကျွန်တော်သည် မော်တော်ယာဉ်နှင့်ဖြစ်စေ၊ မီးရထားနှင့်ဖြစ်စေ ခရီးသွားရလေတိုင်း "အောင်စကြာဆရာတော်" ပုံတော်ရှေ့တွင် ဖယောင်းတိုင်သုံးတိုင်၊ သောက်တော်ရေတစ်ခွက်ကပ်လှူပြီး ထိုရေတော်ကို သောက်သုံး၍သွားသောအခါ မည်သည့်အန္တရာယ်ဆိုးမျိုးနှင့်မျှမတိုးသည့်မှာ ကြိမ်ဖန်များစွာရှိလေပြီ။

ကျွန်တော်သာမက ကျွန်တော်၏ကလေးခြောက်ယောက်လည်း စာမေးပွဲသွားရောက်၍ဖြေဆိုလေတိုင်း ဖယောင်းတိုင်သုံးတိုင်၊ သောက်တော်ရေတစ်ခွက်ကိုကပ်လှူပြီးမှ စာမေးပွဲကို သွားရောက်ဖြေဆိုရာ စာမေးပွဲအောင်မြင်ရုံသာမက ဂုဏ်ထူးများရသည်အထိအစွမ်းပြ၍ ကလေးများသာမက ကျွန်တော်ကိုယ်တိုင်လည်း အောင်စကြာဆရာတော်၏အစွမ်းသိဒ္ဓိကို ခွင်းချက်မရှိ ယုံကြည်လက်ခံ၏။

အောင်စကြာဆရာတော်၏ ပုတီးစိပ်နည်းသည် **အရဟံ**

ဖြစ်သည်။ ဤနေရာတွင် အလျဉ်းသင့်သဖြင့် ကျွန်တော်လေ့လာမှတ်သားထားသော အရဟံဂုဏ်တော်၏အဓိပ္ပါယ်ကိုရေးသားတင်ပြလိုသည်။ 'အရဟံ'ဟူသောဝေါဟာရ၏အနက်အဓိပ္ပါယ်ကို ညွှန်ပြလို၏။

သုံးလောကထွတ်ထား မြတ်စွာဘုရားသခင်သည် လူ၊နတ်၊ ဗြဟ္မာတို့ကပေးလှူပူဇော်သော ဆွမ်း၊သင်္ကန်း၊ကျောင်း၊ဆေး ပစ္စည်းလေးပါးတို့ကို ခံယူတော်မူထိုက်သည်။ အခြားနည်းဖြင့် ထူးထူးမြတ်မြတ် ပူဇော်မှုမှန်သမျှကိုလည်း ခံထိုက်၏။

မြတ်စွာဘုရားသခင် သက်တော်ထင်ရှားရှိစဉ်ကာလက ဗိမ္ဗိသာရမင်း၊ကောသလမင်းစသူတို့ကလည်း ပူဇော်ကြသည်။ သဟမ္ပတိဗြဟ္မာမင်းကမူ မြင့်မိုရ်တောင်ပမာဏရှိသော ပန်းဆိုင်းကြီးဖြင့်ပူဇော်ဖူး၏။ မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်စံယူပြီးနောက်၌လည်း သီရိဓမ္မာသောကမင်းစသည်တို့က အထွတ်အမြတ်လှူဒါန်းပူဇော်ခဲ့ကြကုန်၏။

မြတ်စွာဘုရားသခင်အနေဖြင့် တစ်လောကလုံးက ပူဇော်သမျှချီးမြှောက်သမျှကို မထိမခိုက် ပကတိသဘောအားဖြင့် ခံယူတော်မူထိုက်သည်။ ယင်းသို့ ပူဇော်အထူးကိုခံယူရသောကြောင့် တစ်စုံတစ်ရာထိခိုက်မှုလုံးဝမရှိပါ။ ဤကဲ့သို့ တလောကလုံး၏ ပူဇော်အထူးကို ခံယူတော်မူထိုက်ခြင်းဟူသောအကြောင်းသည်လည်း'အရဟံ'ဟူသောဂုဏ်ကို ရှိခြင်း၏အကြောင်း ဖြစ်၏။

ဟူ၍ ရေးသားတင်ပြခဲ့၏။

အကျွန်ုပ်သည် စာအုပ်စာတမ်းများကို ရေးသားပြုစုသော အခါ ဖတ်ရှုသူများအား တစ်နည်းနည်းဖြင့် ကောင်းကျိုးပြုရ ပါစေဟူသော စိတ်၊ စေတနာ၊ မေတ္တာထားကာ ရေးသားခဲ့သည်။ ယခု အောင်စကြာဆရာတော်ပုတီးစိပ်ဆောင်းပါးကိုလည်း ဤ သို့သောစိတ်၊ စေတနာ၊ မေတ္တာဖြင့်ရေးသားပြုစုခဲ့သည်မှာ အမှန် ပင် ဖြစ်၏။

တစ်နေ့သည၌ အကျွန်ုပ်အမည်နာမဖြင့် အိမ်တွင်စာတိုက်မှ စာတစ်စောင်ရောက်ရှိနေလေရာ ကောက်ယူ၍ဖွင့်ဖတ်လိုက်သည်။ စာမှာ အောက်ပါအတိုင်း ဖြစ်၏။

သို့

၂၀-၄-၉၃

ဦး......

ဦးသိစေရန် သမီးစာရေးလိုက်ပါတယ်။ အခု သမီးရှစ်တန်း အောင်တယ်။ ရှစ်တန်းကိုနှစ်နှစ်ရှုံးပြီး အပြင်ဖြေဖြစ်သွားပါတယ်။ ဒါပေမယ့် ဒီနှစ်လုံးဝမဖြေတော့ဘူးလို့ ဆုံးဖြတ်ထားတာ ဦးရေး သားတဲ့ပုတီးစိပ်နည်းစာအုပ်ကိုတွေ့လို့ ဖတ်ကြည့်လိုက်တော့ အောင်စကြာဆရာတော်ပုံနဲ့ ဦးရဲ့သားမီးတွေ စာမေးပွဲအောင်တာ ရယ်၊ ဂုဏ်ထူးထွက်တာတွေပါဖတ်မိပြီး စာမေးပွဲဖြေဖို့ အားတက် သွားမိတယ်။ ဒါကြောင့် သမီးလည်း ဦးရေးထားတဲ့အတိုင်း စာမေးပွဲဖြေဆိုရမည့်ရက်ကိုရောက်တော့ ကျောင်းသွားခါနီး ဘုရား

မှာ ဆရာတော်ကြီးကိုရည်မှန်းပြီး ဖယောင်းတိုင်သုံးတိုင်နဲ့ ရေတစ်ခွက်ကိုကပ်လှူပြီး ပုတီးစိပ်တာ အခုဦးရဲ့ကျေးဇူးကြောင့် သမီး စာမေးပွဲအောင်တယ်။ သမီးရဲ့ညီမလေးက စာမတော်ပေမယ့် ဂုဏ်ထူးတစ်ဘာသာပါတယ်။ ဦးကို သမီးတို့ညီအစ်မနှစ်ယောက်စလုံး အရမ်းကျေးဇူးတင်ပါတယ်။ နောက်ပုတီးစိပ်တွေကိုပါ သမီးဆက်ပြီးစိပ်ကြည့်နေပါတယ်။ ထူးခြားမှုရှိလာရင် ဦးတို့ဆီကို သမီး အကျိုးအကြောင်း စာပြန်ရေးဦးမယ်နော်။

ကျေးဇူးတင်စွာဖြင့်
ဝေးတမြေမှ
သမီး မြသန်း

သမီးတို့နေရပ်
အကျဉ်းဦးစီးဌာန
ပုသိမ်မြို့။

အကျွန်ုပ် တစ်ကြိမ်တစ်ခါမျှ မတွေ့မြင်ဖူးသေးသော အကျွန်ုပ်စာဖတ်ပရိသတ်တစ်ဦးဖြစ်သည့် အဝေးတမြေမှသမီးငယ် မမြသန်း၏ စာလွှာကိုဖတ်ရှုရ၍ ကျွန်ုပ်သည် များစွာဝမ်းမြောက်ဝမ်းသာဖြစ်မိသည်။ မိမိရေးသားပြုစုခဲ့သောစာတစ်ကြောင်း၊ စာတစ်ပုဒ်ကြောင့် တစ်စုံတစ်ခုသောအတိုင်းအတာအထိ အောင်မြင်မှုရသည်ဟုသိရှိရ၍ ဝမ်းမြောက်ဝမ်းသာဖြစ်မိခြင်းသည် စိတ်၊ စေတနာ၊ မေတ္တာ၏ ရောင်ပြန်ဟပ်မှုဟုဆိုလေလျှင် မှားအံ့မထင်ပါ။

အရဟံဂုဏ်၊ ကိုယ်လုံးခြုံ၊ အကုန်သိဒ္ဓိပေါက်ပေသည် တကား။

**သုတေသီမြင့်ထွန်း**

## ၆၉။ ကျမ်းကိုးစာရင်း

(၁) ဝိဇ္ဇာမဂ္ဂဒီပနီကျမ်း၊

(၂) မြန်မာအဘိဓာန်အကျဉ်းချုပ်၊ အတွဲ(၁)

(၃) မြန်မာအဘိဓာန်အကျဉ်းချုပ်၊ အတွဲ(၃)

(၄) အရှင်ဩဘာသာဘိဝံသမထေရ်မြတ် စီရင်ရေးသားပြုစုသော "သုတေသန သရုပ်ပြအဘိဓာန်"[စာအုပ်] သုမေ္ဓဝတီစာပုံနှိပ်တိုက်။ ၁၉၇၅ခုနှစ်(၃) ကြိမ်။

(၅) ဆရာဦးထွန်းရှိန်(မိုးတား)ပြုစုသော "ဝိဇ္ဇာပညာနိဒါန်း" [စာအုပ်]၊မိုးတားစာပေ ၁၉၆၇ခု၊ အောက်တိုဘာလ(ပ)ကြိမ်။


(၆) စလင်းအရှင်ဇဝန (ဆင်ဖြူကျွန်း)၏ "အစွမ်းထက်သော ပုတီးစိပ်နည်းများ"[စာအုပ်]၊ရွှေပုရပိုက်စာပေ။ ၁၉၉၃ခု၊ ဇွန်လ (ပ)ကြိမ်။

(၇) ချောင်းဆုံအုန်းသွင်၏ "ဗုဒ္ဓဂုဏ်တော်ကိုးပါးနှင့်ကိုယ်တွေ့ အကျိုးထူးများ"[စာအုပ်]၊ မွန်ရတနာစာပေ။ ၁၉၉၃ခု၊ အောက်တိုဘာလ(ပ) ကြိမ်။

(၈) စိတြ စုဆောင်းပြုစုသော "ဂါထာအမြုတေပေါင်းချုပ်" [စာအုပ်]၊ငွေတောင်တန်းစာပေ ၁၉၉၃ခု၊ဇန်နဝါရီလ(ပ)ကြိမ်။

(၉) ဦးရေဝတ၏ "လောကီ၊လောကုတ္တရာ သိဒ္ဓိပေါက်ကျင့်စဉ် ဗုဒ္ဓဂါထာမန္တန်များ"[စာအုပ်] ဓာင်တံခွန်စာပေ၊ နိုဝင်ဘာလ။ (ပ)ကြိမ်။

(၁၀) ဝိဇ္ဇာသိပ္ပဆရာဦးကျော်ရင်၏ "အင်္ဂရာယ်ကင်းပေါင်းချုပ် ကျမ်း"[စာအုပ်] ကျား-ပိဋကတ်စာအုပ်ဆိုင်။ ၁၉၆၉ ခုနှစ်၊ ဇန်နဝါရီလ (ပ)ကြိမ်။



ဤမည်သော မန္တန်ကို
ရွတ်ဆိုသရဇ္ဈာယ်ခြင်းအားဖြင့်
မုချအကျိုးများရာ၏ ။

ရာခိုင်နှုန်းပြည့် ပြင်းပြင်းပြပြ
ယုံကြည်မှုရှိရမည်မှာ
အဓိကအရေးကြီးသော အင်္ဂါရပ်ဖြစ်သည် ။

ထို အင်္ဂါရပ်နှင့် ပြီးပြည့်စုံမှသာလျှင်
မန္တန်၏ အာနိသင်တန်ခိုးသည်
အစွမ်းထက်မြက်မည်ဖြစ်၏ ။

# မန္တန်

သုတေသီမြင့်ထွန်း